ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့(8-4-2012)(၇၀ ၈၉)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ နှိုင်းယှဉ်ပါက စိုက်ကေကွာခြားမှုမရှိသော်လည်း ပြည်ပတင်ပို့နိုင်မှု ကွာခြား နိုင်ငံတော်၊ ပညာရှင်များနှင့် တောင်သူလယ်သမားများက လိုအပ်ချက်များကိုပြန်လည်သုံးသပ်ပြီး လေ့လာဆန်းစစ်ရန်လို

## ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးနည်းသည် လက်ရှိကာလတွင် အကောင်းဆုံးဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လုပ်ဆောင်

နေပြည်တော် ဧပြီ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာနှင့် တဲကြီးကုန်းကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာတို့၌ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးနှင့် မျိုးစေ့ထုတ် စိုက်ခင်းများကို ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတသည် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ၌ တစ်ကွင်း တစ်စပ်တည်း စိုက်ပျိုးထားသော အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၃၆၉ ဧက အနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ရှစ်မြို့နယ် အတွင်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုနှင့် လာမည့်နှစ်မိုးရာသီတွင် စိုက်ပျိုးမည့် လျာထားချက်အခြေအနေတို့ကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဆည်ရေသောက်စနစ်များ ဆောင်ရွက်ထားရှိမှု၊ ရေပေးဝေမည့်အစီအစဉ်နှင့် နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေးဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပုလဲသွယ်စပ်မျိုးစပါး၏ ဗီဇလက္ခဏာနှင့် ဖြစ်ထွန်းအောင်မြင်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရောဟသ်ာကုမ္ပဏီများ ဆန်စပါးအထူးပြုကုမ္ပဏီမှ ဒါရိုက်တာ ဦးတင်အုန်းက စပ်မျိုးစပါး၏ ဈေးကွက်ခိုင်မာမှုနှင့် ဈေးကွက်အလားအလာ၊ တင်း ၁၀၀ လျှင် အာမခံဈေး ငွေကျပ်လေးသိန်းဖြင့် ဝယ်ယူမည့် အစီအစဉ်နှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ စပ်မျိုးဆန်စပါးသီးနှံ၊ စပ်မျိုးနေကြာ၊ ပဲမျိုးစုံစိုက်ပျိုးထားရှိမှုနှင့် သီးနှံစိုက်ပျိုးထားရှိမှု၊ သီးနှံအမယ်အလိုက် စားရေးနှင့်ဝတ်ရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၃၆၉ ဧက စိုက်ခင်းအနီး ခင်းကျင်းပြသထားသော ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါး၊ မြန်မာပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ၌ စိုက်ပျိုးထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၃၆၉ ဧက စိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

*ယနေ့သတင်းအညွှန်း*

**မြန်မာနိုင်ငံအပေါ် ဥရောပသမဂ္ဂ၏ အရေးယူမှုများ ရုပ်သိမ်းရန် ပြင်သစ်တိုက်တွန်း**
နိုင်ငံတကာသတင်း စာမျက်နှာ - ၅

**ကမ္ဘာ့တစ်ဝန်း လူ ၂ ဒသမ ၆ သန်းခန့် လူမှောင်ခိုကူးခံ သားကောင်ဘဝ ကျရောက်**
နိုင်ငံတကာသတင်း စာမျက်နှာ - ၅

**စံချိန်ယူ ရေကူးပြိုင်ပွဲ ရန်ကုန်မြို့ အမျိုးသားရေကူးကန်၌ ကျင်းပမည်**
အားကစားသတင်း စာမျက်နှာ - ၁၀

**ဝက်စ်ဘရွန်း၌သာ ကစားရန် ဆန္ဒရှိသည့် ဘန်ဖော်စတာ**
အားကစားသတင်း စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့်

၈-၄-၂၀၁၂(တနင်္ဂနွေနေ့)။

# အပြန်အလှန်အားဖြည့်ပေး၍ စဉ်ဆက်မပြတ်ရှင်သန်

အသိပညာနယ်ပယ်၌ စာတွေ့သည်အဓိကကျပြီး အတတ်ပညာနယ်ပယ်၌ လက်တွေ့သည် ပဓာနကျသောနည်းနာနိဿယ ဖြစ်သည်။ အတတ်ပညာ၊ အသိပညာများကို သင်ကြားပို့ချပေးရာတွင် မျက်မှောက်ကာလ၌ အဆင့်မြင့်ပညာနယ်ပယ်ရောက်မှသာ အတတ်ပညာဆိုင်ရာ လက်တွေ့နယ်ပယ်သို့ ဝင်ရောက်ခဲ့ကြသည်။ အခြေခံပညာနယ်ပယ်တွင် လက်တွေ့နှင့် မကင်းဝေးစေဘဲ ဉာဏ်ရည်မြင့်မားစေသော လက်တွေ့လုပ်ဆောင်မှုများပေါင်းစပ်ပေးပါလျှင်မူ အသိပညာ၊ အတတ်ပညာ မြင့်မားသော ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာမည်ဖြစ်သည်။

ဖြတ်သန်းလာခဲ့ရသော ပညာနယ်ပယ်၌ မသိမှုသံသရာကြောင့်ဖြစ်စေ၊ သိမှုစေတနာလွဲမှားမှုကြောင့်ဖြစ်စေ စွန့်လွှတ်ခဲ့ရသော လူ့အရင်းအမြစ်များနှင့် ကုန်ဆုံးခဲ့သောအရင်းအနှီးများသည် အကျိုးမမြောက် အဟောသိကံဖြစ်ရသည်ထက် ကမ္ဘာ့အလယ်တွင် နောက်ကျကျန်ရစ်ခဲ့ရခြင်းသာ အဖတ်တင်လေသည်။ အဟောသိကံဖြစ်ရဖန်များသောအခါ ပညာမာန်ကြီးသူတို့မှာ နိုင်ငံအတွက်အကျိုးမပြုသည့်ဦးနှောက်ယိုစီးမှုတွင် မျောပါသွားကြလေသည်။

ယနေ့မျက်မှောက်ကာလတွင် စနစ်သစ်တစ်ခုထူထောင်ရန် အချိန်အခါကျရောက်လာသောအခါသမယ၌ နိုင်ငံကိုတန်ဖိုးထားမြတ်နိုးသော ကျန်ရစ်သည့် လူပညာရှိတို့က အဟောသိကံဖြစ်ခဲ့ရသည်ကို ပြန်လည်အဖတ်ဆယ်နိုင်ရန် ပြောင်းလဲလာသောရေစီးကြောင်းပေါ်တွင် အမီလိုက်ကာ ပညာ၊ သဒ္ဓါ၊ ဝီရိယတို့ဖြင့် ကြံဆောင်ကြိုးပမ်းကြလေပြီ။

လက်တွေ့ကို အကောင်အထည်မဖော်နိုင်မီ စာသိ၊ သညာသိ၊ အပေါ်ယံသိသာမကဘဲ ကောင်းသောမနသိကာရဖြင့် ကောင်းကျိုးများထင်လာအောင် ဝိုင်းဝန်းအားဖြည့်ကြသည်။ အမှန်တွင် မျိုးဆက်ဟူသည် အပြန်အလှန်အားဖြည့်ဆက်သွယ်မှု၊ အကျိုးဖြစ်ထွန်းသော စဉ်ဆက်မပြတ်ရှင်သန်မှုကို ရရှိနိုင်မည်ဖြစ်ရာ ခါးဆက်ပြတ်ခဲ့ရသော ကျွန်ုပ်တို့၏ပညာရေးစနစ်တို့ကို ကျန်ရှိနေသေးသော လူပညာရှိတို့၏ အပြန်အလှန်အားဖြည့်ဆက်စပ်ပေးမှုဖြင့် စဉ်ဆက်မပြတ်ရှင်သန်နေသော ပညာခေတ်ကို အရောက်သွားဖို့သာဖြစ်သည်။

ယနေ့ကာလတွင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ သင်ကြားမှု၊ သင်ယူမှုများလည်း လိုက်ပါတိုးတက်ပြောင်းလဲလာသည်။ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ၊ ပညာရေးဆိုင်ရာဥပဒေများ၊ ပညာရေးအသုံးစရိတ်မြှင့်တင်ပေးမှုများ၊ ပညာသင်ထောက်ပံ့မှုများ စသည်တို့နှင့်အတူ ကျောင်းပြင်ပပညာရေး၊ ပုဂ္ဂလိကပညာရေးစနစ်များလည်း တစ်ပြိုင်တည်းဖြစ်ထွန်းလာရာ ပညာသင်ကြားမှုနယ်ပယ်အတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ယခုအခါ လုပ်ခွင့်ကိုင်ခွင့်များရရှိလာသည့် ပြင်ပပညာရေးစနစ်တွင် သင်ယူတတ်မြောက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုထပ်ဆောင်းကာ တီထွင်ကြံဆမှုများဖြင့် နိုင်ငံတကာအဆင့်မီ လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။ လက်တွေ့နယ်ပယ်အတွက် အသုံးဝင်ထိရောက်သည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေရန် စနစ်တကျသုတေသနပြု လက်တွေ့ကျကျဆောင်ရွက်မှုများသည် အနာဂတ်အတွက် အားတက်ဖွယ်ရာများပင် ဖြစ်သည်။

အများစုသင်ယူမှုနယ်ပယ်၌လည်း မပြောင်းလဲသော ယခင်ရှိရင်းစွဲမှုများဖြင့် သင်ကြားခြင်းမှ အပြန်အလှန်အားဖြည့်ဆက်သွယ်ပေးမှုဖြင့် စဉ်ဆက်မပြတ်ရှင်သန်စေမည့် လက်တွေ့သင်ယူမှုများကိုပါ ဖော်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။ အခြေခံပညာနယ်ပယ်ကတည်းကပင် ကျောင်းသားငယ်ရွယ်များအား စာတွေ့နှင့်အတူ လက်တွေ့သင်ယူမှုများကိုပါ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းနေပျော်ပြီး သင်ယူတတ်မြောက်လွယ်သည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

## မေတ္တာဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချအလှူမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မေတ္တာဦးစေတီတော် တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချအလှူမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍောသနထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘုရားအမှူးရှိသော ဆရာတော် သံဃာတော် ၁၀၈ ပါးတို့အား ငွေကျပ် ၂၅၀ ဒသမ ၃ သိန်း တန်ဖိုးရှိ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မေတ္တာဦးစေတီတော် တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ရေစက်ချအလှူမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၈-၄-၂၀၁၂ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၇း၁၅ | ဓမ္မပူဇာတေး |
| ၈း၁၅ | မြန်မာသကြ်န် |
| ၁၁း၂၀ | **ကာတွန်းအစီအစဉ်**<br>**-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၄၆)** |
| ၁၁း၅၀ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**<br>**-ကျောက်တုံးများရဲ့ ရာဇဝင်** |
| ၁း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**<br>**-ရှင်သန်နေသရွေ့(အပိုင်း-၁၅)** |
| ၄း၂၅ | လျှပ်တစ်ပြက် |
| ၅း၀၅ | မြန်မာသကြ်န် |
| ၅း၃၀ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၃၀ | ဘဝကြေးမုံ<br>"သကြ်န်တစ္ဆေ"<br>(ကောင်းပြည့်၊ ယွန်းမိဦး၊ သဇင်ထူးနိုင်နှင့် သရုပ်ဆောင်များ) |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**<br>**"ထောင်စုနှစ်သမီးပျို"(အပိုင်း-၅)**<br>**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**<br>**"တမလွန်မှပြောသောစကား" (အပိုင်း-၉)**<br>**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**<br>**"အရုဏ်ဦးရဲ့ လင်းသံစဉ် (အပိုင်း-၁၇)** |

## ကုန်သွယ်လုပ်ငန်းခွန် ၁၀ ရာခိုင်နှုန်းလျှော့ချသော်လည်း စက်သုံးဆီတင်သွင်းရောင်းချသူများ အခက်အခဲများကြုံ

**ရန်ကုန် ဧပြီ ၇**

နိုင်ငံတော်မှ သတ်မှတ်လိုက်သည့် ကုန်သွယ်လုပ်ငန်းခွန် ၁၀ရာခိုင်နှုန်း ပေးဆောင်ရန် လျှော့ချသတ်မှတ်လိုက်သော်လည်း စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးသူများအနေဖြင့် အခက်အခဲများကြုံနေရကြောင်း စုံစမ်းသိရှိရသည်။

"ဆီတင်သွင်းတဲ့လုပ်ငန်းတွေ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအား လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးတော့ ဒီဇယ်ဆီကို ကော်မာရှယ်တက်စ်က ပုံမှန် ၉၀ ရာခိုင်နှုန်းကနေ လုပ်ငန်းရှင်တွေရဲ့ လုပ်သာကိုင်သာ ရှိစေအောင်လို့ အထူးလျှော့ပေါ့ခွင့်အမိန့်အရ ကိုးရာခိုင်နှုန်းပဲ ကောက်တယ်၊ ဓာတ်ဆီနဲ့ အောက်တိန်း ၉၂ ဆိုရင်လည်းပုံမှန် ၁၇၀ရာခိုင်နှုန်းကနေ ၁၇ ရာခိုင်နှုန်းပဲ လျှော့ပေါ့ကောက်ခံခဲ့တယ်။ အခု ၁၀ ရာခိုင်နှုန်းသာ လျှော့ပေါ့ပေးဆောင်ရမယ်ဆိုပေမယ့် ဒီဇယ်ဆီက တစ်ရာခိုင်နှုန်း ပိုလာတဲ့သဘောမှာရှိတယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌက ဧပြီ ၆ ရက် ညနေ ၃နာရီခန့်တွင် ပြောကြားခဲ့သည်။

ယခင်က အခွန်ပေးဆောင်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ချက်ကို ပျမ်းမျှငွေကျပ် ၄၅၀ခန့်ဖြင့် အခွန်ဆောင်ခဲ့ရခြင်းများရှိပြီး ယခုအခါ နေ့စဉ်ငွေလဲလှယ်နှုန်း ပေါက်ဈေးဖြင့် အခွန်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ အခွန်ဆောင်ရသည့်နှုန်းကြောင့် ဒီဇယ်ဆီမှာ တစ်ဂါလန်လျှင် ငွေကျပ် ၁၇၀ ခန့်နှင့် ဓာတ်ဆီမှာ ငွေ၄၆ ကျပ်ခန့် မူလထက် များလာခြင်းဖြစ်ကြောင်း သိရသည်။

"အခုပြောချင်တာက အခွန်လည်း လျှော့လိုက်ပြီး စက်သုံးဆီဈေးတွေက မြင့်နေတယ်လို့ ဂျာနယ်တွေက ရေးကြတယ်။ တကယ်တော့ ဒါ့ကြောင့်တက်ရတယ်ဆိုတာ ရှင်းပြတာပါ။ နိုင်ငံတကာပေါက်ဈေးနဲ့ အခုကောက်နေတဲ့ အခွန်နှုန်းတွေအရတွက်ရင် လက်ရှိပြည်တွင်းမှာ ရောင်းတဲ့နှုန်းက နိုင်ငံတကာနဲ့ယှဉ်ရင် ဈေးသက်သာနေပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ပြည်တွင်းစက်သုံးဆီများ၏ ဈေးနှုန်းမှာ နိုင်ငံတကာပေါက်ဈေး၊ ငွေလဲလှယ်မှုနှုန်း၊ ရောင်းလိုအား၊ ဝယ်လိုအားတို့အပေါ် မူတည်နေပြီး လတ်တလောတွင် ဈေးနှုန်းအတက်ဘက်သို့ ဦးတည်ရန်အလားအလာများရှိနေသည်ဟု စက်သုံးဆီလုပ်ငန်းရှင်အချို့က ခန့်မှန်းထားကြသည်။

(၆၈၀)

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ စီးပွားရေးရာ သံမှူး Mr. Matsuo က အဆောက်အအုံ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ပေ(၃၀×၉၀) နှစ်ထပ်ကွန်ကရစ်ကျောင်းဆောင်ဖြစ်ပြီး Japan's Grassroots Grant Assistance အဖွဲ့က လှူဒါန်းကာ ငွေကျပ် ၈၈၆ သိန်းခန့် ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းကို ဧပြီ ၅ ရက်က ပဲခူးမြို့ ကမ္ဘောဇသာဒီခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ပြင်ဆင်ပြဋ္ဌာန်းလိုက်သော အခွန်ဆိုင်ရာအမိန့်ကြော်ငြာစာများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများအား ရှင်းလင်းဆွေးနွေးစဉ်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၇ - ၄ -၂၀၁၂**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၃. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၉၈၅၀ | ၀. ၀၃၂၂၇ |
| တရုတ် (ယွမ်) | ၆. ၃၀၆၇၅ | ၀. ၁၅၈၅၆ |
| အိန္ဒိယ (ရူပီး) | ၅၁. ၁၁၅၀ | ၀. ၀၁၉၅၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၆၂၅ | ၀. ၃၂၆၁၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၀၉၅ | ၀. ၇၉၃၀၅ |
| ဂျပန် (ယန်း) | ၈၁. ၆၄၅၀ | ၀. ၀၁၂၂၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၁. ၈၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၆၃၅၆ | ၁. ၃၀၉၆၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၀၀၆ | ၁. ၅၈၇၁၅ |

အင်တာနက်။

## မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော၊ လေ့ကျင့်မှုသရုပ်ပြ

**နေပြည်တော် ဧပြီ ၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ (ပြည်)၏ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လေ့ကျင့်မှုသရုပ်ပြပွဲကို ဧပြီ ၅ ရက် ညနေ ၃ နာရီတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် လက်ထောက်အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးမိုးအောင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဟောပြောကြသည်။

ထို့နောက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်လူဖော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့် လည်းကောင်း၊ မီးသတ်ယာဉ်များဖြင့် လည်းကောင်း မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာနအခြေစိုက်အလုပ်ရုံ(ပြည်)၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (သတင်းစဉ်)

◆ရှေ့ဖုံးမှ

လိုအပ်ချက်ဖြည့်တင်းဆောင်ရွက်ပေးနေမှုနှင့် တောင်သူပညာပေးလုပ်ငန်းများ ထူထောင်ဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆန်စပါးစိုက်ပျိုးနိုင်မှုနှင့် အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒေသခံတောင်သူများက လိုအပ်ချက်များတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက အမှာစကားပြောကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး ၃၆၉ ဧက စိုက်ခင်းအနီး ခင်းကျင်းပြသထားသော ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါး၊ မြန်မာပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့၊ ဆန်၊ ထမင်း၊ စပါးပင်နမူနာများနှင့် စပ်မျိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး ၂၈၈ ဧက စိုက်ခင်းအနီးရှိ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ခေတ်မီလယ်ယာမြေစိုက်ပျိုးရေးစနစ် ထူထောင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ စိုက်ပျိုးထားသော ပုလဲသွယ် စပ်မျိုးစပါး လေးမျိုး ယှဉ်ပြိုင်စိုက်ခင်းဧက ၁၀၀ ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ တရုတ်စပ်မျိုးစပါး ၁၀ ဧက စံပြစိုက်ကွင်းကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးမှုနည်းပညာရပ်များနှင့် မျိုးစေ့ထုတ်ခြင်းလုပ်ငန်းများ၊ စမ်းသပ်စိုက်ပျိုးထားရှိမည့် စိုက်ခင်းအခြေအနေများနှင့် မြန်မာနိုင်ငံ၏ရေမြေသဘာဝ၊ မိုးရေချိန်နှင့် လိုက်လျောညီထွေမှုရှိသည့်စပါးမျိုးများ စိုက်ပျိုးနိုင်မှုရှိ/မရှိ မေးမြန်းရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်မှ လာရောက်လုပ်ကိုင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် Mr. Tao Zhi Chuan က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တရုတ်နိုင်ငံမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ၎င်းတို့စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် ၁၉ ရက်သား အဖိုလိုင်းစပ်မျိုးစပါးနှင့် ၂၂ ရက်သား အမလိုင်းစပ်မျိုးစပါးပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာစစ်ဆေးသည်။





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ စိုက်ပျိုးထားသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၃၆၉ ဧက အနီးရှိ ရှင်းလင်းဆောင်၌ ဒေသခံတောင်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာမှစ၍ အခြားသီးနှံများ စိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာဆိုင်ရာ ကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်းတင်ပြကြရန် လိုပါကြောင်း၊ ဌာနဆိုင်ရာဘက်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားများဘက်ကလည်း ကြိုးစားဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ သို့မှသာ တိုးတက်သင့်သလောက် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် တိုးတက်လိုသည့် နိုင်ငံတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ နေပြည်တော်ဒေသတွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာနှင့်သွင်းအားစုများရရှိရေး စသည့်လုပ်ငန်းများကို အပြည့်အဝ လုပ်ဆောင်နိုင်မည်ဆိုပါက အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ငွေကြေးအရင်းအနှီးပေါ် မူတည်လျက်ရှိရာ တောင်သူတစ်ဦးတည်းဖြင့် လုပ်ဆောင်ရန် ခက်ခဲမှုရှိနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ပိုင်းကလည်း စီးပွားရေးတောင့်တင်းမှသာ လုပ်ဆောင်ပေးနိုင်မည့် အခြေအနေဖြစ်သည့်အတွက် အဟန့်အတားတစ်ခုသဖွယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကအပိုင်းက တတ်နိုင်သမျှပါဝင်ကူညီဆောင်ရွက်ကြရန်လိုပါကြောင်း။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ နှိုင်းယှဉ်ကြည့်ပါက စိုက်ပျိုးဧကမှာ များစွာကွာခြားမှုမရှိသော်လည်း ပြည်ပတင်ပို့နိုင်မှုတွင် ကွာခြားမှုရှိပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်၊ ပညာရှင်များနှင့် တောင်သူလယ်သမားများက လိုအပ်ချက်များကို ပြန်လည်စဉ်းစားသုံးသပ်ပြီး လေ့လာဆန်းစစ်လုပ်ဆောင်ရန် လိုပါကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍစသည့်လုပ်ငန်းများအပြင် ချေးငွေလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုးတက်သည့်နိုင်ငံများကိုကြည့်လျှင် စက်မှုလုပ်ငန်းကို ဦးတည်ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအား ခေတ်မီစက်ကိရိယာများဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရပါကြောင်း၊ စားဝတ်နေရေးဖူလုံစေရန် စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ရန်အတွက် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ရင်း စက်မှုကဏ္ဍတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့အတွက် သမားရိုးကျ လက်မှုလယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲနိုင်ရန် နည်းပညာနှင့် အရင်းအနှီးများ လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်သူတစ်ရပ်လုံး၏ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် လိုအပ်နေသည့် အခက်အခဲများကို နိုင်ငံတော်က ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း။

လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ပညာရှင်များ၏ အကြံဉာဏ်များအတိုင်း ဝီရိယစိုက်ထုတ်ကာ အလုပ်လုပ်ကြရန် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအား ထုတ်ချေးပေးသော ချေးငွေနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် ချေးငွေများ ပုံမှန်ပြန်ဆပ်မှသာလျှင် နောင်နှစ်အတွက် ထပ်မံငွေချေးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးနည်းသည် လက်ရှိကာလတွင် အကောင်းဆုံးဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်နိုင်ရန်လိုပါကြောင်း၊ ပညာရှင်ပိုင်းက ရေရှည်အကျိုးဖြစ်ထွန်းနိုင်မည့် နည်းပညာများ ရှာဖွေဆောင်ရွက်ကြရန်၊ ပုဂ္ဂလိကပိုင်းက သွင်းအားစုများ ရရှိရေးဆောင်ရွက်ကြရန်နှင့် နိုင်ငံတိုးတက်ကြီးပွားရန်အတွက် အားလုံးကတက်ညီလက်ညီ ချိတ်ဆက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တံတားသစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၇

**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်း-ကွဲနားထောက် ကျေးရွာချင်းဆက် ရဲသီဟတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားသစ်မုခ်ဦး၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် တံတားတည်ဆောက်ရေး အဖွဲ့နာယက ဦးအောင်မြင့်တို့က တံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တံတားတည်ဆောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တံတားရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ရဲသီဟတံတားသစ်မှာ အရှည်ပေ ၇၀၊ အကျယ် ၂၂ ပေရှိ သံပေါင်တံတား အမျိုးအစားဖြစ်ကာ ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ချမ်းဟိန်းကုမ္ပဏီနှင့် ဒေသခံပြည်သူများ စုပေါင်းဆောက်လုပ်ကြခြင်းဖြစ်ပြီး ကျေးရွာ ၁၀ ရွာတို့မှ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၇) ဈေးကုန်း အောင်သုခရပ်ကွက် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းဆောင်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားခဲ့သည်။

ဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ၊ အမြင့် ၁၅ ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း ငါးခန်းကျောင်းဆောင်ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်များ၊ ဒေသခံမိဘပြည်သူများက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၈-၄-၂၀၁၂ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅း၄၀ | "ဒုက္ခလွတ်အောင် ဒိဋ္ဌိဖြုတ်ရန် ဉာဏ်(၅)ဉာဏ်" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၁၀း၄၀ | သင်းပျံ့သောမွှေးရနံ့တို့နှင့်ထပ်တူ RICO & RINA |
| ၁၁း၂၀ | High Class Product Thank You Party |
| ၁၂း၂၀ | ခေတ်မီလှပဆန်းသစ်သော ဒီဇိုင်းများနှင့် SPIKE |
| ၃း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၆)** |
| ၄း၀၀ | MNL MYANMAR 2012 (Rakhapura FC Vs KBZ FC) (LIVE) |
| ၆း၁၅ | သွားမယ်စားမယ် (The Prome) |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၆)** |
| ၇း၃၀ | **MRTV-4 မြန်မာ့ရိုးရာသင်္ကြန်** |
| ၈း၃၀ | ဗီဒီယိုပြခန်း |
| ၉း၂၅ | Barclays Premier League Arsenal Vs Man City |
| ၁၁း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (ဇာတ်သိမ်းပိုင်း) |
| ၂၄း၀၀ | Singapore Sunday |
| ၄း၁၅ | ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ |

## အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်များလှူဒါန်း

**ရန်ကုန်** **ဧပြီ ၇**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်အင်အား ၁၆၀ သည် မတ် ၂၅ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့နယ်သို့ရောက်ရှိပြီး ကင်မွန်းစခန်းမှော်ရုံ၌ ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ လှူဒါန်းခဲ့သည်။ ထို့နောက် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်ကြည်ညို၍ ညပိုင်းတွင် ဆီမီးနံ့သာ ၃၆၀၀ စီနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်လှူဒါန်းခြင်း၊ ကျိုက်ထိုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အမှတ်တရ အလံများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မတ် ၂၆ ရက်တွင် မော်လမြိုင်မြို့နယ် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှော်ရုံသို့ ရောက်ရှိပြီး မော်လမြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များလှူဒါန်းခြင်း၊ မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အမှတ်တရအလံများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ညပိုင်းတွင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဆီမီးနံ့သာ ၂၇၀၀ စီ ထွန်းညှိပူဇော်ပြီး ရွှေသင်္ကန်းများ ကပ်လှူခဲ့ကြသည်။

ဆက်လက်၍ မတ် ၂၇ ရက်တွင် ကျိုက္ခမီရေလယ်ဘုရားသို့ရောက်ရှိပြီး ညပိုင်းတွင် ဆီမီးနံ့သာ၂၇၀၀ စီထွန်းညှိပူဇော်ပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

ဥတုရာသီ တောကိုမှီ၍

## အိမ်သုံးမီးအားမြှင့်စက် မီးလောင်၊ ဇနီးမောင်နှံနှစ်ဦး သေဆုံး

**လားရှိုး** **ဧပြီ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ အိမ်သုံးမီးအားမြှင့်စက် အပူလွန်ကဲ၍ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ဇနီးမောင်နှံနှစ်ဦးသေဆုံးရမှု မတ် ၂၁ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်အကျဉ်းမှာ အိမ်ထောင်သက်တစ်လနှင့် သုံးရက်သာရှိသေးသော ကိုရဲလင်းထွန်း(ခ)ကုလား(၃၀)နှစ်နှင့် မရှိုးပန်းအိမ်(ခ)မေရှိုး(၂၀)နှစ်တို့နေထိုင်သည့် လားရှိုးမြို့ မန်ဆူဘုရားကြီးရှိ ဆိုင်ခန်းအမှတ် (၈) စံချိန်ဦး စားသောက်ဆိုင်ခန်း၌ နံနက် ၁ နာရီ မိနစ် ၄၀ ခန့်တွင် အိပ်ခန်းအပြင်၌ ထားရှိအသုံးပြုသော မီးအားမြှင့်စက်မှ အပူအားမြင့်လွန်ကဲကာ မီးလောင်ပေါက်ကွဲသည်။ ထိုမှ တစ်ခန်းလုံး မီးကူးစက်လောင်ကျွမ်းသည်။

မီးလောင်မှုဖြစ်စဉ်အရ အိပ်ခန်းမှ တစ်ခုတည်းသော ထွက်ပေါက်အဝတွင် မီးအားမြှင့်စက်ရှိနေခြင်းနှင့် ဆိုင်ခန်းရှေ့သို့ထွက်ရာတွင် အခန်းပိုင်းကန့်ကာရံထားသော သုံးထပ်သားနံရံမီးလောင်ကျွမ်းနေခြင်းတို့ကြောင့် ဇနီးမောင်နှံနှစ်ဦးမှာ ဆိုင်ခန်းနောက်ပိုင်းတွင် ပိတ်မိကာ အောက်ဆီဂျင် ပြတ်လပ်သေဆုံးကြရခြင်းဖြစ်ကြောင်း သိရှိရသည်။

မီးလောင်ကျွမ်းမှုကို သိလျှင်သိချင်း အနီးအနားရှိလူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဆိုင်ခန်းအရှေ့ရှိ အလူမီနီယံ အထက်/အောက်တင်/ချ လိပ်တံခါးကို ရိုက်ဖွင့်ဖျက်ဆီးဝင်သောအခါ အိပ်ခန်းတွင်းရှိ ဇနီးမောင်နှံနှစ်ဦးစလုံးသေဆုံးနေပြီ ဖြစ်ကြောင်း သိရသည်။



အခင်းဖြစ်ရာသို့ ဒေသအာဏာပိုင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ သန္နေမီးသတ် ၁၂ ဦး၊ အရန်မီးသတ်၂၀ ဦး၊ မီးသတ်ရေယာဉ် လေးစီးနှင့် စည်ပင်မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် နံနက် ၁ နာရီ ၅၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ဆိုင်ခန်းတွင်းရှိ မော်တော်ဆိုင်ကယ်တစ်စီးနှင့် ရေခဲသေတ္တာတစ်လုံး၊ ဂက်စ်အိုးများအပါအဝင် ဆိုင်ခန်းနေ ဇနီးမောင်နှံနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း၊ ဘေးဆိုင်ခန်းများသို့ ကူးစက်မှုမရှိကြောင်းသိရသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အမှတ်(၁) ရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၃၃)



ဘော့စနီးယားစစ်ပွဲ နှစ် ၂၀ ပြည့်အခမ်းအနားကို ဆာရာဂျေဗိုမြို့တော်၌ ဧပြီ ၆ ရက်က ကျင်းပစဉ်။

# ဘော့စနီးယားစစ်ပွဲ နှစ် ၂၀ ပြည့် အခမ်းအနား ဆာရာဂျေဗိုမြို့တော်၌ ကျင်းပ

**ဆာရာဂျေဗို ဧပြီ ၇**

ဘော့စနီးယားစစ်စတင်ဖြစ်ပွားသည့် နှစ် ၂၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဘော့စနီးယား-ဟာဇီဂိုးဗီးနားနိုင်ငံ ဆာရာဂျေဗိုမြို့တော်၌ ဧပြီ ၆ ရက်က ကျင်းပခဲ့ရာ ပြပွဲများ၊ ဂီတဖျော်ဖြေပွဲများနှင့် ခံစားချက်ဖော်ကျူးတင်ဆက်မှုများ ပါဝင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အထူးခြားဆုံး တင်ဆက်မှုတစ်ရပ်မှာ ဆာရာဂျေဗိုမြို့တော်လမ်းမကြီးပေါ်တွင် အနီရောင်ကုလားထိုင် ၁၁၅၄၁ လုံးကို ခင်းကျင်းထားခြင်းဖြစ်ပြီး ကုလားထိုင်တစ်လုံးစီသည် ဆာရာဂျေဗို မြို့တော်အား ဆာ့ဘ်တပ်ဖွဲ့များ ဝိုင်းရံထားစဉ်အတွင်း သေဆုံး ခဲ့ရသည့် လူတစ်ဦးစီကို ဖော်ညွှန်းထားသည်။

ကုလားထိုင်ရာပေါင်းများစွာတို့မှာ အရွယ်အစားသေးငယ်သော ကုလားထိုင်များဖြစ်ပြီး ဆာရာဂျေဗိုမြို့ ဝန်းရံခံခဲ့ရစဉ်အတွင်း သေဆုံးခဲ့ရသော ကလေးများကို ရည်ညွှန်းထားခြင်းဖြစ်သည်။

၁၉၉၂ ခုနှစ် ဧပြီ ၆ ရက်တွင် ဆာရာဂျေဗိုမြို့ ရင်ပြင်၌ လူထောင်ပေါင်းများစွာတို့ ငြိမ်းချမ်းရေးတောင်းဆိုနေစဉ် ဆာ့ဘ် အမျိုးသားရေးဝါဒီများ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူငါးဦး သေဆုံးခဲ့ပြီးနောက် ဘော့စနီးယားစစ်ပွဲ စတင်ဖြစ်ပွားခဲ့ရာ ၁၉၉၅ ခုနှစ်တိုင် စစ်မီးတောက်လောင်ခဲ့ရသည်။

စစ်ပွဲအတွင်း ဆာရာဂျေဗိုမြို့ကို ဆာ့ဘ်တပ်ဖွဲ့များက ဝန်းရံထားခဲ့ရာ ရက်ပေါင်း ၁၁၈၂၅ ရက် ကြာမြင့်ခဲ့ပြီး ဒုတိယ ကမ္ဘာစစ်အတွင်း ဆိုဗီယက်ပြည်ထောင်စု လီနင်ဂရက်မြို့တော်အား ဂျာမန်တပ်များဝန်းရံခဲ့သည့် ကာလထက် ပိုမိုကြာညောင်းခဲ့ရသည်။

ဆာရာဂျေဗိုမြို့ ဝန်းရံခံထားရစဉ်အတွင်း မြို့သူမြို့သား ၃၈၀၀၀၀ တို့သည်လျှပ်စစ်မီးမရှိ၊ ရေမရှိ၊ အပူဓာတ်မရှိ နေထိုင်ခဲ့ရပြီး နေ့စဉ် ကျရောက်ပေါက်ကွဲခဲ့သော အမြောက်ဆန် ၃၀၀ ကျော်တို့ကြောင့် မြို့တော်မှာလည်း စိစိညက်ညက်ကျေခဲ့ရသည်။

အင်တာနက်။

## ဗြိတိန်ရှိ ရုရှားသူလျှိုအရေအတွက် စစ်အေးတိုက်ပွဲကာလနှင့်မခြား များပြားနေဟုဆို

**လန်ဒန် ဧပြီ ၇**

ဗြိတိန်နိုင်ငံအတွင်း သိုသိပ်စွာ လှုပ်ရှားနေသော ရုရှားသူလျှိုအရေအတွက်သည် စစ်အေးကာလနှင့်မခြား များပြားနေကြောင်း ဗြိတိန်လုံခြုံရေးဌာနများက ဧပြီ ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လန်ဒန်မြို့တော် အခြေစိုက် ရုရှားသံရုံးမှ သံရုံးဝန်ထမ်းထက်ဝက်ကျော်တို့သည် ထောက်လှမ်းရေးသတင်းများစုဆောင်းရာတွင် ပါဝင်ပတ်သက်နေနိုင်ကြောင်း ဗြိတိန်ထောက်လှမ်းရေးအသိုက်အဝန်းမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဒေးလီးတယ်လီဂရပ်သတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

မည်သည့်ကာလတွင်မဆို ရုရှားသူလျှို ၄၀ ဝန်းကျင်ခန့်သည် ဗြိတိန်နိုင်ငံအတွင်း သူလျှိုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟု ယုံကြည်ရကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာတွင် ဖော်ပြထားသည်။

တယ်လီဂရပ်သတင်းစာ၏ အဆိုအရ အချို့သော ရုရှားသူလျှိုများသည် နိုင်ငံတော်အဆင့် ထောက်လှမ်းရေးလုပ်ငန်းများ၌ ပါဝင်ပတ်သက်လျက်ရှိပြီး အချို့မှာ ရုရှားစီးပွားရေးလုပ်ငန်းများ အကျိုးအမြတ်ပေါ်ထွက်စေရေးအတွက် စက်မှုသူလျှိုလုပ်ငန်းများလုပ်ဆောင်နေကြောင်းသိရသည်။

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်နှင့် ဘုရင်မကြီး၏ စိန်ရတုအခမ်းအနားများအပေါ် ဗြိတိန်လုံခြုံရေးအဖွဲ့အစည်းများက အာရုံစိုက်နေရသည့်ကာလ၌ ရုရှားနိုင်ငံအနေဖြင့် ၎င်း၏ သူလျှိုလုပ်ငန်းများအား တိုးမြှင့်လုပ်ဆောင်လာမည့် အရေးကို ဗြိတိန်တာဝန်ရှိသူများက ပူပန်လျက်ရှိကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာတွင် ဖော်ပြထားသည်။

အင်တာနက်။



## ဗျူနိုအေးရိစ်တွင် လေပြင်းမုန်တိုင်းတိုက်ခတ် ၁၄ ဦးထက်မနည်း သေဆုံး

**ဗျူနိုအေးရိစ် ဧပြီ ၇**

အာဂျင်တီးနားနိုင်ငံတွင် အင်အားပြင်းထန်သော လေပြင်းမုန်တိုင်းတိုက်ခတ်ရာ လူ ၁၄ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ သေဆုံးမှုအများဆုံးမှာ ဗျူနိုအေးရိစ်ပြည်နယ်မှ ဖြစ်ကြောင်း ဧပြီ ၇ ရက် သတင်းတွင်ဖော်ပြသည်။

ယင်းပြည်နယ်တွင် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ကျော် (မိုင် ၆၀)နှုန်းဖြင့် လေပြင်းများတိုက်ခတ်ရာ သစ်ပင်များ ပြိုလဲခြင်း၊ ခေါင်မိုးများလန်ခြင်းများဖြစ်ပွားခဲ့ပြီး ဆန်တာဖီးမြို့တွင် မြေပြင်ပေါ်သို့ ပြတ်ကျနေသော ဓာတ်ကြိုးကို နင်းမိသဖြင့် ဆယ်ကျော်သက်တစ်ဦး သေဆုံးကြောင်း သတင်းတွင် ပါရှိသည်။

ဗျူနိုအေးရိစ်မြို့တော်ရှိ ရပ်ကွက်များတွင် လေပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ဓာတ်ကြိုးများပြတ်ကျပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ခဲ့သည်။

အချိန်အခါမဟုတ် ပူပြင်းခြင်းနှင့် စိုထိုင်းမှုများဖြစ်ပေါ်ခြင်းကြောင့် လေပြင်းမုန်တိုင်းဖြစ်ပေါ်ရသည်ဟု ဒေသခံများက ပြောကြားသည်။

ဗျူနိုအေးရိစ်မြို့တော်တွင် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ (၇၅ မိုင်)နှုန်းအထိ အင်အားပြင်းထန်သော လေပြင်းမုန်တိုင်း တိုက်ခတ်ရာ လမ်းများပေါ်တွင် သစ်ပင်များ အမြစ်မှကျွတ်ကာ လဲကျနေသဖြင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ကြောင်း၊ ဘုရားရှိခိုးကျောင်းတစ်ကျောင်း၏ အမိုးများလွင့်စဉ်ပြီး ထိမှန်ခံရသဖြင့် လူ ၁၀ဦး ဒဏ်ရာရရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

# ကမ္ဘာတစ်ဝန်း မြို့ပြလူဦးရေတိုးတက်မှု ကုလသမဂ္ဂက လေ့လာချက်ထုတ်ပြန်

ကုလသမဂ္ဂ ဧပြီ ၇

**တရုတ်၊ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ အင်ဒိုနီးရှားနှင့် အမေရိကန်နိုင်ငံတို့သည် လာမည့် နှစ် (၄၀)ကာလအတွင်း ကမ္ဘာ့ မြို့ပြလူဦးရေတိုးတက်မှုဖြစ်စဉ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ဧပြီ ၇ ရက်တွင် ပြောကြားသည်။**

ကမ္ဘာ့မြို့ပြလူဦးရေတိုးတက်လာမှုနှင့်အတူ အလုပ် အကိုင်၊ အိုးအိမ်၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံလုပ်ငန်း များတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ လေ့လာချက်တွင် ဖော်ပြသည်။

ဘရာဇီးနိုင်ငံ ရီယိုမြို့၌ လာမည့်ဇွန်လတွင် ကုလသမဂ္ဂကကြီးမှူး၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ကျင်းပရန် ရှိနေစဉ် အဆိုပါလေ့လာချက် ပေါ်ထွက်လာသည်။ မြို့ပြနေလူဦးရေတိုးတက်လာမှုနှင့် ဆက်နွယ်နေသော ပြဿနာများကို ကမ္ဘာ့နိုင်ငံများ၏ ခေါင်းဆောင်များက အာရုံ စိုက်လာစေရန် ယင်းလေ့လာချက်က ဖော်ညွှန်းလျက်ရှိသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ မြို့ပြများ၌ ၂၀၅၀ ပြည့်နှစ်ထက် နောက်မကျဘဲ လူဦးရေ သန်း ၂၀၀ ထပ်တိုးလာမည်ဟု မျှော်လင့်ရသည်။အိန္ဒိယမြို့ကြီးများ၌ ဖော်ပြပါကာလတွင် လူဦးရေ ၄၉၇ သန်း ထပ်တိုးလာနိုင်ပြီး အင်ဒိုနီးရှားမြို့ကြီးများတွင် လူဦးရေ ၉၂ သန်းတိုးလာမည်ဟု ခန့်မှန်းသည်။ အမေရိကန်မြို့ကြီးများ၌ လူဦးရေ ၁၀၃ သန်း၊ တရုတ်မြို့ကြီးများ၌ လူဦးရေ ၃၄၁ သန်း တိုးလာနိုင်သည်ဟု လေ့လာချက်တွင် ဖော်ပြသည်။ **အင်တာနက်။**



**ဂျပန်နိုင်ငံ တိုကျိုမြို့၌ ချယ်ရီပန်း ပွင့်ဖူးချိန်ကို စောင့်စားကြည့်ရှုကြရန် လာရောက်ကြသော ဂျပန်နိုင်ငံသားများကို ဧပြီ ၆ ရက်က တွေ့ရစဉ်။**

## နွေဦးရာသီကျရောက်ချိန် ချယ်ရီပန်းကြည့်ပွဲများ ဂျပန်နိုင်ငံ၌ ပြည်သူသန်းပေါင်းများစွာ ဆင်နွှဲ

**တိုကျို ဧပြီ ၇**

ရိုးရာအစဉ်အလာအရ ချယ်ရီပန်းများ ပွင့်ဖူးချိန်ကို စောင့်စားကြည့်ရှုကြရန်အတွက် ဂျပန်နိုင်ငံတစ်ဝန်းရှိ ပြည်သူ သန်းပေါင်းများစွာတို့သည် ရှုခင်းရှုရပ်သာသော နေရာများသို့ သွားရောက်စုရုံးလျက်ရှိကြကြောင်း ဧပြီ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

တိုကျိုမြို့တော်၌ မတ် ၃၁ ရက်မှစ၍ ချယ်ရီပွင့်ချိန် ကျရောက်ခဲ့ပြီဖြစ်ကြောင်း ဂျပန်နိုင်ငံ အမျိုးသားမိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက ဧပြီ ၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

နွေဦးရာသီ ကျရောက်ချိန်ကို ဖော်ညွှန်းသည့် ချယ်ရီပင်များ ပွင့်ဖူးမှုသည် ဂျပန်ပြည်သူများ ချစ်မြတ်နိုးကြသော မြင်ကွင်းတစ်ရပ်ဖြစ်သည်။

ချယ်ရီပင်ပေါင်း ၁၂၀၀ တည်ရှိသည့် တိုကျိုမြို့ ယူအီနိုပန်းခြံသည် ယင်းမြို့တော်၌ ရေပန်းအစားဆုံး ချယ်ရီပွင့်ချိန်ကြည့်ရှုရာ ရှုခင်းသာတစ်ခုဖြစ်သည်။

ဂျပန်ဘာသာဖြင့် ဟာနမိ(Hanami)ဟုခေါ်သည့် ပန်းကြည့်ပွဲများကို နွေဦးရာသီ အစဉ်အလာတစ်ရပ်အဖြစ် ချယ်ရီပွင့်ချိန်ကျရောက်ချိန်အတွင်းမိသားစုများအကြား၊ မိတ်ဆွေများအကြားနှင့် လုပ်ဖော်ကိုင်ဖက်များအကြား ကျင်းပလေ့ရှိသည်။

၂၀၁၁ ခုနှစ်အတွင်းက ချယ်ရီပွင့်ချိန် မကျရောက်မီ သီတင်းပတ်အနည်းငယ်အလို မတ် ၁၁ ရက်တွင် ဂျပန်နိုင်ငံသည် ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ် ခံစားခဲ့ရခြင်းကြောင့် လူပေါင်း ၁၉၀၀၀ နီးပါးမျှ သေဆုံးခဲ့ရာ ချယ်ရီပန်းကြည့်ပွဲအများအပြား ဖျက်သိမ်းခဲ့ရသည်။

သို့ရာတွင် ယခုနှစ်အတွင်း တိုကျိုမြို့တော်သူ မြို့တော်သားထောင်ပေါင်းများစွာတို့သည် ချယ်ရီပင်များအောက် စုရုံးရောက်ရှိခဲ့ကြကာ ဂျပန်နိုင်ငံ၏ အနာဂတ်အတွက် ခွက်မြှောက်ဆုတောင်းခဲ့ကြသည်။ အင်တာနက်



## ရုရှားလက်နက်ကုန်သည် ထောင်ဒဏ် ၂၅ နှစ် ချမှတ်ခံရ

**နယူးယောက် ဧပြီ ၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ခရိုင်တရားရုံးက မရဏကုန်သည်ဟု သိထားကြသော ရုရှားလက်နက်ကုန်သည် တစ်ဦးအား ဧပြီ ၅ ရက်က ထောင်ဒဏ် ၂၅နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း၊ အစိုးရရှေ့နေများက ၎င်းအား ထောင်ဒဏ်တစ်သက်တစ်ကျွန်းချရန် တောင်းဆိုခဲ့ကြသော်လည်း ခရိုင်တရားရုံးက ထောင်ဒဏ် ၂၅နှစ် ချမှတ်လိုက်ကြောင်း ဧပြီ ၇ရက် သတင်းတွင် ဖော်ပြသည်။

၎င်း၏အမည်မှာ ဗစ်တာဘောက်စ်**(အပေါ်ပုံ)**ဖြစ်ပြီး ကမ္ဘာပေါ်တွင် နာမည်ဆိုးဖြင့်ကျော်ကြားနေသော လက်နက်ကုန်သည် တစ်ဦးဖြစ်သည်။ အသက်(၄၅)နှစ်အရွယ်ရှိ ဘောက်စ်သည် လက်နက်ကုန်သည်ဆိုသော်လည်း အမေရိကန်လူမျိုးများအား ထိခိုက်နစ်နာစေလိုသောရည်ရွယ်ချက်ဖြင့် လှုပ်ရှားခဲ့သည့် အထောက်အထား မတွေ့ခဲ့ရကြောင်း တရားသူကြီး ရှီရာ ဗီကင်လင်းက ပြောကြားသည်။

အမေရိကန် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ဘောက်စ်အား ဖမ်းဆီးရမိနိုင်ရန် စစ်ဆင်ရေးဆောင်ရွက်ခဲ့ရသည်။ ၎င်းကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

# ဗီယက်နမ်တွင် ကိုကင်းထက် ကြံ့ဦးချိုကို ပိုမိုတန်ဖိုးထား

**ဟနွိုင်း ဧပြီ ၇**

ကြံ့ဦးချိုသည် ခေါင်းကိုက်ဝေဒနာမှသည် ကင်ဆာရောဂါအထိ ကုသနိုင်သည်ဟုဆိုကြသဖြင့် ဗီယက်နမ်နိုင်ငံတွင် လက်သည်းခွံပမာဏသာရှိသည့် အပိုင်းအစကို ကိုကင်း မူးယစ်ဆေးဝါးထက် ဈေးပိုပေး၍ ဝယ်ယူလျက်ရှိသည်ဟု စနေနေ့ အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ ကြံ့ဦးချိုဝယ်လိုအား အဆမတန်မြင့်တက်လာမှုသည် ကမ္ဘာပေါ်တွင် ကျန်ရှိနေသေးသော ကြံ့ကောင်ရေကို ပျောက်ကွယ်သွားစေရန် ခြိမ်းခြောက်လျက်ရှိသည်။

၁၉၇၀ ပြည့်နှစ်အတွင်း၌ သားရဲတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာကွယ်ရေးလှုပ်ရှားမှုများကြောင့် မျိုးတုံးလုဆဲဆဲအခြေအနေမှ ယခုအခြေအနေသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ကြံ့များကို တရားမဝင်သတ်ဖြတ်မှုသည် အမြင့်ဆုံးအရေအတွက်အဖြစ် မှတ်တမ်းတင်ထားခဲ့ရပြီး ၂၀၁၂ခုနှစ်တွင် ပိုမိုဆိုးရွားလာမည်ဟု မျှော်လင့်ရသည်။

ယခုနှစ်တွင် သေဆုံးသည့်ကြံ့များအရေအတွက်သည် ထိတ်လန့်ဖွယ်ရာများပြားလာသဖြင့် ယခုတစ်ပတ်အတွင်း ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအသစ် ထပ်မံပြုလုပ်ကြပါရန် တောင်အာဖရိကနိုင်ငံက တောင်းဆိုခဲ့သည်။

ဗီယက်နမ်နိုင်ငံက ကြံ့ဦးချိုကို မကြာသေးမီအတွင်း အလွန်အကျွံ ဝယ်လိုအား များပြားလာခြင်းသည် အထူးသဖြင့် တောင်အာဖရိကတွင်ရှိသည့် ကမ္ဘာပေါ်တွင် ကျန်ရှိနေသေးသော ခန့်မှန်းခြေကြံ့ကောင်ရေ ၂၈၀၀၀ ကို ခြိမ်းခြောက်လျက်ရှိသည်။ **အင်တာနက်။**

# စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**နေပြည်တော် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက စည်ပင်သာယာအခွန်အခများ ကောက်ခံရာတွင် မှန်မှန်ကန်ကန်ရရှိရေး၊ ရရှိလာသော အခွန်ငွေများအား ဝင်ငွေ၊ ထွက်ငွေ မှန်မှန်ကန်ကန် သုံးစွဲရေးနှင့် မြို့ပြနှင့်ကျေးလက် အချိုးညီတိုးတက်ရေးအတွက် ရရှိလာသော ငွေများအား စနစ်တကျ သုံးစွဲရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# GSM/UMTS မိုဘိုင်းတိုးချဲ့စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယဝန်ကြီး ဦးတင့်လွင် တက်ရောက်

**နေပြည်တော် ဧပြီ ၇**

GSM/UMTS မိုဘိုင်းတိုးချဲ့စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းမန်နေဂျာနှင့် မိုဘိုင်းအင်ဂျင်နီယာချုပ်တို့က စီမံကိန်း (ဒုတိယအဆင့်)တွင် ဆောင်ရွက်သွားရမည့် အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မိုဘိုင်းစက်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းနေသော ကုမ္ပဏီများမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အရည်အသွေးပြည့်မီသည့် စက်ပစ္စည်းများ တပ်ဆင်အသုံးပြုသွားရန်နှင့် သုံးစွဲသူပြည်သူလူထုအား အရည်အသွေး ကောင်းမွန်သည့် ဆက်သွယ်မှုစနစ်ရရှိသုံးစွဲနိုင်ရေးအတွက် ပိုမိုကောင်းမွန်သည့် စက်ပစ္စည်းများနှင့် နည်းပညာများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် (၁)လမ်း (မြောက်)ရှိ GSM မိုဘိုင်းတိုးချဲ့စခန်းရှိ မိုဘိုင်းစက်ပစ္စည်းများ၊ စမ်းသပ်ဆောင်ရွက်နေသည့် UMTS မိုဘိုင်းနှင့် ကွန်ပျူတာချိတ်ဆက်၍ အင်တာနက် အသုံးပြုနေမှုများ၊ မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်းရှိ GSM မိုဘိုင်းတိုးချဲ့စခန်း၌ ရောက်ရှိပြီး စက်ပစ္စည်းများ ဆက်သွယ်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



**စံပြရင်သွေးအိမ်မှူ ကြို ကျောင်း၏ ဉာဏထူးချွန်ဆု ပေး ပွဲ နှင့် ကျောင်းပဒေသာကပွဲအခမ်းအနားတွင် ဉာဏထူးချွန်ဆု ရရှိသော မူကြိုရင် သွေး ငယ်ကလေးများအား ဗိုလ်ချုပ်စိန်ထွား (ငြိမ်း) ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

**နေပြည်တော် ဧပြီ ၇**

**ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် (ပျဉ်းမနား)နှင့် နေပြည်တော်(လယ်ဝေး) တို့တွင် သုည ဒသမ ၅၉ လက်မစီ၊ ပြည်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကသာမြို့နှင့် ဆိပ်သာမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ မင်းတင်မြို့တွင် ၁ ဒသမ ၇ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ကန့်ဘလူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီနှင့် ကလေးမြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

## မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

# ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား တာ့လျန်မြို့ ဒုတိယမြို့တော်ဝန်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် ဧပြီ ၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျောင်နင်းပြည်နယ် တာ့လျန်မြို့ ဒုတိယမြို့တော်ဝန် Ms. Cao Aihua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးထွန်းအောင်တို့အား ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး ဒုတိယထပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**



**ကယ်ဆယ်ရေးလုပ်ငန်း၌ ပါဝင်ကူညီရန် ရောက်ရှိလာကြသော ပါကစ္စတန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# မြန်မာနိုင်ငံအပေါ် ဥရောပသမဂ္ဂ၏ အရေးယူမှုများရုပ်သိမ်းရန် ပြင်သစ်တိုက်တွန်း

**ပါရီ ဧပြီ ၇**

မြန်မာနိုင်ငံတွင် ဧပြီ ၁ ရက်က ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးနောက် ဥရောပသမဂ္ဂဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့ထားမှုများအား ဖယ်ရှားရန် ပြင်သစ်နိုင်ငံက တိုက်တွန်းသွားမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး အလိန်းဂျူပီက ဧပြီ ၅ ရက်တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုကလည်း မြန်မာနိုင်ငံ၏ အောင်မြင်ပြည့်စုံသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် တားဆီးပိတ်ဆို့မှုအချို့ကို ရုပ်သိမ်းရန်အသင့်ရှိကြောင်း ယင်းမတိုင်မီတစ်ရက်က ပြောကြားခဲ့ရာ အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တားမြစ်ချက်များအား ဖြေလျှော့ပေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ ကမ်းလှမ်းခြင်းစသည်တို့ပါဝင်သည်။ သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲရလဒ်အတွက် ဥရောပနိုင်ငံများအနေဖြင့် "အလုပ်ဖြင့်သက်သေပြ" ရမည်ဖြစ်ကြောင်း ဂျူပီက ပြောကြားသည်။

အီးယူလုပ်ဖော်ကိုင်ဖက်များအနေဖြင့် မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများကို ဖယ်ရှားရာတွင် အလုပ်ဖြင့်သက်သေပြရန် မိမိအနေဖြင့် အဆိုပြုလိုပါကြောင်း ၎င်းက ပြောကြားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အီးယူနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဧပြီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(အမ်အင်အေ၊ရိုက်တာ)**

# ဟိမဝန္တာ ရေခဲပြင်ဒေသရှိ ပါကစ္စတန်စစ်စခန်းပေါ်သို့ နှင်းခဲများ ပြိုဆင်း၍ တပ်ဖွဲ့ဝင် ၁၀၀ ကျော် သေဆုံး

**အစ္စလာမ္မာဘတ် ဧပြီ ၇**

အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ဟိမဝန္တာရေခဲပြင်ဒေသတစ်ခုရှိ ပါကစ္စတန် စစ်စခန်းတစ်ခုပေါ်သို့ စနေနေ့က နှင်းခဲများ ပြိုဆင်းခဲ့ရာ ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၀၀ ကျော် နှင်းခဲများဖုံးလွှမ်းခံခဲ့ရပြီး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

နှင်းခဲများအောက်ပိတ်မိနေသူ တပ်ဖွဲ့ဝင်များကို ကယ်တင်နိုင်ရေးအတွက် ရဟတ်ယာဉ်များ၊ အနံ့ခံခွေးများနှင့် တပ်ဖွဲ့ဝင်အများအပြားအား နှင်းခဲပြိုဆင်းမှုဖြစ်ပွားခဲ့ရာ ဆီယာချမ်းရေခဲပြင်ဒေသသို့ စေလွှတ်ထားကြောင်း ပါကစ္စတန် စစ်ဘက်၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နှင်းခဲပြိုဆင်းမှုသည် စနေနေ့နံနက် ၅နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး ဆီယာချမ်းရေခဲပြင်ဒေသ၏ ဂီယာရီအမည်ရှိ အပိုင်း၌ အခြေဆိုက်ထားသော ပါကစ္စတန်တပ်ဖွဲ့ တပ်ရင်းဌာနချုပ်တစ်ခုကို နှင်းခဲများ ဖုံးလွှမ်းခဲ့ကြောင်း ပါကစ္စတန်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နှင်းခဲပြိုဆင်းမှုကြောင့် နှင်းခဲများအောက် ပိတ်မိပျောက်ဆုံးသူ ပါကစ္စတန်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၁၇ ဦး အထိရှိသော်လည်း အခင်းဖြစ်ပွားပြီး ၁၂ နာရီကြာမြင့်သည်အထိ အသက်ရှင်သူ တစ်ဦးတစ်ယောက်ကိုမျှ ရှာဖွေတွေ့ရှိရသေးခြင်း မရှိကြောင်း သိရသည်။

နှင်းခဲပြိုဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရသော ဂီယာရီနယ်စပ်တပ်ရင်းဌာနချုပ်သည် ဟိမဝန္တာတောင်တန်းအထက် မီတာ ၄၅၇၂ အမြင့်တွင် တည်ရှိပြီး ဆီယာချမ်းရေခဲပြင်ဒေသရှိ ပါကစ္စတန်ရှေ့တန်းတပ်ဖွဲ့စခန်းများသို့ တပ်ဖွဲ့ဝင်နှင့် ထောက်ပံ့ရေးပစ္စည်းများ ဖြတ်သန်းပို့ဆောင်ရာ စခန်းထောက်လည်းဖြစ်သည်။ ***အင်တာနက်။***



# ကမ္ဘာတစ်ဝန်းတွင် လူ ၂ ဒသမ ၄ သန်းခန့် လူမှောင်ခိုကူးခံ သားကောင်ဘဝသို့ ကျရောက်နေ

**ဂျီနီဗာ ဧပြီ ၇**

**ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း ၂ ဒသမ ၄ သန်းခန့်သည် လူမှောင်ခိုကူးခံ သားကောင်ဘဝသို့ ကျရောက်နေကြောင်း၊ ဖော်ပြပါဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ လူမှောင်ခိုကူးဂိုဏ်းများ၏ လိင်ကျေးကျွန်ပြုအမြတ်ထုတ်မှုကို ခံစားနေရကြောင်း ကုလသမဂ္ဂရာဇဝတ်မှု တိုက်ဖျက်ရေးရုံးက ဧပြီ ၃ ရက် တွင် ပြောကြားသည်။**

တစ်ရက်ကြာကျင်းပခဲ့သော အထွေထွေညီလာခံ အစည်းအဝေး၌ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး အကြီးအကဲ ယူရီဖီဒိုတော့ဗ်က ပြောကြားရာ၌ လူကုန်ကူးခံရသူများ၏ ၁၇ ရာခိုင်နှုန်းခန့်မှာ နေအိမ်များနှင့် လူမဆန်စွာခိုင်းစေသော လုပ်ငန်းခွင်များ၌ အဓမ္မလုပ်အားများ ရယူခြင်းခံနေရသည်ဟု ဆိုသည်။

ရာဇဝတ်မှုကျူးလွန်သူများအနေဖြင့် လူမှောင်ခိုဂိုဏ်းများ တည်ထောင်လုပ်ကိုင်လျက်ရှိပြီး ၎င်းတို့အနေဖြင့် အဆိုပါလုပ်ငန်းမှ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံခန့်အထိ ရရှိနေကြောင်းနှင့် လူမှောင်ခိုကူးခံရသူဒုက္ခသည် သုံးဦးလျှင် နှစ်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လူကုန်ကူးမှုများကို တိုက်ဖျက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်ဟုလည်း ၎င်းက ပြောကြားသည်။

၂ ဒသမ ၄ သန်းသော လူကုန်ကူးခံ သားကောင်ဘဝ ကျရောက်နေသူများအနေဖြင့် အရှက်တကွဲအကျိုးနည်းဖြစ်စေသည့် စိတ်ဒုက္ခဝေဒနာများကို ခံစားနေရသည်ဟုလည်း ၎င်းက ပြောကြားသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာအခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံးအဆိုအရ လူကုန်ကူးခံသားကောင် ၁၀၀ လျှင် တစ်ယောက်ကိုသာ ကယ်တင်ပေးနိုင်သည်ဟု သိရသည်။

***အင်တာနက်။***

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ဟိုတယ်ဝန်ဆောင်မှုသင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဧပြီ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုတို့ဖြင့် ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကားပြောကြားပြီး ဧည့်ကြိုလုပ်ငန်း ထူးချွန်ဆုရ မထွန်းအိသွယ်၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးလုပ်ငန်း ထူးချွန်ဆုရ မစီစီလှနှင့် အစားအစာနှင့်အဖျော်ယမကာလုပ်ငန်း ထူးချွန်ဆုရ မယဉ်ယဉ်နုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက သင်တန်းနည်းပြများကိုယ်စား သင်တန်းကျောင်းအုပ်ကြီး ဦးစိန်မြင့်အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဟန်ထွန်းက သင်တန်းအလိုက် သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းတွင် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# ဒေါ်လာငါးသန်းတန် ဆေးလိပ်တို

**ဗိုလ်သင်း-မီးသတ်**

"မီး" ဆိုသည် အသေးအမွှားမှသည် တဖြည်းဖြည်းများလာပြီး ကြီးမားသည့် မီးတောက်အဖြစ် ရောက်ရှိကာ သုံးတတ်သူများအတွက် အလိုအပ်ဆုံး မိတ်ဆွေကောင်းဖြစ်သည်။ သို့သော် မသုံးတတ်သူများအတွက်မူ ကြီးမားသည့် ရန်သူပင် ဖြစ်ပါသည်။ မီးလောင်မှုဖြစ်ပွားပုံများကို သုံးသပ်ကြည့်ပါက စတင်မီးလောင်စဉ်ကတည်းက မီးတောက်မီးလျှံများဖြင့် လောင်ကျွမ်းမှု (စက်သုံးဆီမီးလောင်မှုမှအပ) မရှိပေ။ သေးငယ်သည့် မီးပွား၊ မီးခဲများမှ စတင်၍ လောင်ကျွမ်းခဲ့သည်က များပါသည်။ လူတို့၏ သဘောသည် အသေးအမွှားကို အလေးမထားတတ်ကြပေ။ ခပ်ပေါ့ပေါ့ပင် နေတတ်ကြသည်။ ခလုတ်တိုက်ခြင်း၊ ခေါင်းတိုက်ခြင်း၊ ဓားရှခြင်း စသည်တို့သည် နမော်နမဲ့ပြုလုပ်ခြင်းကြောင့် ထိခိုက်ခြင်းဖြစ်ပြီး နမော်နမဲ့ ပြုလုပ်ခြင်းကြောင့် ရရှိလာသည့် ထိခိုက်မှုသည် မိမိတစ်ဦးတစ်ယောက်သာ နာကျင်မှု ရရှိသော်လည်း အသေးအမွှားဖြစ်သည့် "မီး" ကို အလေးမထားခြင်းကြောင့် မိမိသာမက အခြားသူတို့၏ အသက်အိုးအိမ်ပစ္စည်းများကိုပါ ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။

မိမိတို့၏ နေအိမ်တွင် သုံးစွဲနေကြသည့် ဖယောင်းတိုင်၊ ခြင်ဆေး၊ အမွှေးတိုင်၊ ဆေးလိပ်တို၊ မီးဖို/မီးပူမီးကွင်း မီးကျန်များ သတိမေ့လျော့ပြီး ထားမိခဲ့ရာမှ တစ်ဆင့်အိမ်ခြေပေါင်းများစွာ၊ ဆိုင်ခန်းပေါင်းများစွာ၊ စီးပွားပေါင်းများစွာ ဆုံးရှုံးခဲ့ကြရပါသည်။ ၁၉၉၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် မိတ္ထီလာ မီးလောင်မှုကြီးသည် ဖယောင်းတိုင်မီးကြောင့်ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် လှိုင်မြို့နယ် (၁၃) ရပ်ကွက်တွင် အိမ် ၁၃၀၀ ကျော် လောင်ခဲ့သည့်မီးလောင်မှုသည် ဖယောင်းတိုင်ကြောင့် ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် လားရှိုး (၇)ရပ်ကွက်တွင် ဖယောင်းတိုင်မီးကြောင့် အိမ် သုံးလုံးနှင့် ကလေး လေးဦး သေဆုံးခဲ့ကြရသည်။ မီးဖို မီးကွင်းမီးကျန်ကြောင့် လောင်ခဲ့သည့် မီးလောင်မှုများကလည်း မရေမတွက်နိုင်ပေ။

၂၀၁၁ ခုနှစ် မင်းပြားဈေး မီးလောင်မှုသည် စားအုန်းဆီအပူပေးသည့် မီးဖို မီးကွင်းမီးကျန်မှ စတင်ခဲ့ခြင်းဖြစ်သည်။ သံတွဲဈေး မီးလောင်မှုသည် အပ်ချုပ်ဆိုင်၌ ကျန်နေသည့် မီးပူတွင် မီးခဲအသေးမှ တငွေ့ငွေ့စတင်လောင်ရာက ဈေးကြီး မီးလောင်ခံခဲ့ရသည်။ ကသာဈေးမီးလောင်မှုသည် ဈေးအနီးရှိ နေအိမ်ဆိုင်ခန်းမှ မီးချောင်းချုပ်အပူလွန်ကဲရာမှ စတင်လောင်ခဲ့သည်။ ဆေးလိပ်တိုမီးကြောင့် အမှိုက်ပုံ၊ မြက်ခြောက်၊ ကိုင်းတော၊ ကောက်ရိုးပုံများ မီးလောင်ခဲ့ရာမှ အိမ်ခြေအဆောက်အအုံများသို့လည်း ကူးစက်လောင်ကျွမ်းခဲ့ကြသည်။ လူအများ ဒုက္ခရောက်ခဲ့ကြရသည်။ ထိုအရာများကို လေ့လာခြင်းဖြင့် အသေးအမွှားများမှ စတင်၍ မီးလောင်မှုကြီး ဖြစ်ခဲ့ကြရသည်ကများကြောင်း သိရှိနိုင်ပေသည်။

၂၆-၃-၂၀၁၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းရှိ (MITT) ဝင်းအတွင်းတွင် သစ်လုံးတန်ချိန် ၃၀၀၀၀ စုပုံထားသည့် သစ်ကွင်းများအနီး ဆေးလိပ်တိုကိုမီးမငြိမ်းဘဲ လွှင့်ပစ်ခဲ့ရာမှစတင်ပြီး တဖြည်းဖြည်း ကိုင်းတောများသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ သစ်လုံးများရှိ ခြောက်သွေ့နေသော သစ်ခေါက်များအား စွဲငြိလောင်ကျွမ်းခဲ့သည်။ နွေနေ့လယ်ခင်း၏ ပူပြင်းမှု၊ ပင်လယ်ဘက်မှ လေပြင်းများ တိုက်ခတ်မှုများကြောင့် မီးမှာ ပို၍အားကောင်းလာကာ အခြားသော သစ်လုံးပုံများဆီသို့ အရှိန်ဖြင့် ပိုမိုကူးစက်လောင်ကျွမ်းစေခဲ့သည်။ မီးလောင်မှု ဖြစ်ပွားလျှင် ဖြစ်ပွားချင်း ကုမ္ပဏီမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ပူးပေါင်းငြိမ်းကြသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်ယာဉ်များနှင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ မီးသတ်ယာဉ်များ၊ အခြားဌာနများမှ မိတ်ဖက်ရေသယ်ယာဉ်များ ဝိုင်းဝန်းပူးပေါင်း၍ နှစ်ရက်ခန့်ကြာအောင် ငြိမ်းသတ်ခဲ့ကြရပေသည်။

သစ်လုံးပုံကြီးများ တစ်ပုံနှင့်တစ်ပုံ ထိစပ်နေခြင်း၊ သစ်လုံးပုံကြီးများ၏ကြားတွင် ကိုင်းတောရှည်များရှိနေခြင်း၊ မီးသတ်ယာဉ်များ ဝင်နိုင်ထွက်နိုင်ရန် အခက်အခဲရှိခြင်း၊ ခြောက်သွေ့နေသည့် သစ်လုံးများဖြစ်ခြင်း၊ ပင်လယ်ဘက်မှ လေပြင်းများ တိုက်ခတ်ခြင်း စသည်တို့ကြောင့် မီးကူးစက်မှု လျင်မြန်ကာ မီးလောင်ဆုံးရှုံးမှုများပြားရခြင်း ဖြစ်သည်။

မီးငြိမ်းသတ်ကြရာတွင် သန္လျင်/အရန်/ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် (MITT)ရှိ ကုမ္ပဏီဝန်ထမ်းများ၊ အခြားသော တာဝန်ရှိသူများနှင့် ပူးပေါင်းကာကွယ်ဆောင်ရွက်ခဲ့မှုကြောင့် ဆိပ်ကမ်းရှိမော်တော်ယာဉ်များ၊ ယန္တရားများ၊ ကွန်တိန်နာများနှင့် သစ်လုံးတန်ချိန် ၂၃၀၀၀ တို့ မီးဘေးမှ ကင်းဝေးခဲ့ကြရသည်။

မီးလောင်ကျွမ်းမှုကြောင့် သစ်လုံးတန်ချိန် ၇၀၀၀ ခန့် မီးလောင်ခံခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာငါးသန်းခန့် ဖြစ်သည်။ ဤဆုံးရှုံးမှုကို ပြန်လည်ဆန်းစစ်ပါက အသုံးပြုရန်မလိုတော့သည့် တန်ဖိုးမဲ့ဆေးလိပ်တိုမှ အသေးအမွှားမီးတစ်ခုသည် ဒေါ်လာ ငါးသန်းခန့်မျှ တန်ဖိုးရှိသည့် သစ်လုံးကြီးများအား ပျက်စီးဆုံးရှုံးစေနိုင်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည့်အတွက် ထိုဆေးလိပ်တိုအား "ဒေါ်လာငါးသန်း တန်ဆေးလိပ်တို" ဟုပင် မှတ်ယူခဲ့ရပါတော့သည်။ ။

# ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပြိုကျပျက်စီး

**ကြံခင်း ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် နေရာအနှံ့အပြားတွင် ဧပြီ ၄ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရုတ်တရက်မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်ခဲ့ရာ ရေနံ့တောင်ကျေးရွာအုပ်စု ရေနံ့တောင်ရွာ (အရှေ့ပိုင်း)နှင့် အေးချမ်းမာလာ (ရွာသစ်)တွင် လူနေအိမ် ၁၅ လုံး၊ ကွင်းယားကြီးရွာတွင် နေအိမ် နှစ်လုံး၊ ကျည်တိုင်ကွင်းကျေးရွာတွင် နေအိမ် တစ်လုံး၊ ဝွေးတောက်ကုန်းရွာတွင် နေအိမ် နှစ်လုံး၊ ရေငံကျေးရွာတွင် နေအိမ် ခြောက်လုံး စုစုပေါင်း လူနေအိမ် ၂၆ လုံး ပြိုကျပျက်စီးသွားပြီး ၎င်းကျေးရွာများရှိ လူနေအိမ် ၂၅ လုံးခန့်မှာ အမိုးနှင့်အကာများ လေပြင်းတိုက်ခတ်မှုနှင့်အတူ လွင့်ပါပျက်စီးဆုံးရှုံးခဲ့သည့်အပြင် ဆန်စက်တစ်လုံး၊ ဓမ္မာရုံ တစ်ရုံနှင့် ရေငံရွာ မူလတန်းကျောင်း(ခွဲ)မှ အမိုးသွပ်နှင့် မြားတန်းများလည်း လွင့်ပါပျက်စီးသွားသည်။**(အောက်ပုံ)**

လေဘေးသင့်ဒေသသို့ ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သန္လျင်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရေနံ့တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လေဘေးသင့်အိမ်ထောင်စု ၂၆ စုမှ အိမ်ထောင်စုဝင် ၁၀၅ ဦးတို့အား ဆန်များဝေငှ၍ လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ လူနှင့်ကျွဲနွားများ သေဆုံးမှုမရှိကြောင်း သိရသည်။

(၆၄၈)





# စက်မှုကုန်ကြမ်းသီးနှံပီလောပီနံကို ဧက ၃၀၀ စိုက်ပျိုးမည်

**ပဲခူး ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးကော်မှုန့်စက်ရုံအတွက် လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ပီလောပီနံဥများ အနက် တစ်စိတ်တစ်ဒေသဖြစ်သော ကုန်ကြမ်းကို ဖော်ကျူးအင်တာနေရှင်နယ်လီမိတက်မှ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ထုတ်လုပ်ပေးသွင်းသွားမည်ဖြစ်ကြောင်း ပီလောပီနံ စိုက်ကွင်းတာဝန်ခံ ဦးအောင်ကျော်မြင့်၏ ပြောပြချက်အရ သိရသည်။

ဖော်ကျူးအင်တာနေရှင်နယ်လီမိတက်မှာ ပဲခူးမြို့အထွက် ပဲခူး - ရန်ကုန် ခြောက်လမ်းသွား ကားလမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင်ရှိပြီး စိုက်ဧက ၃၀၀ ရှိကြောင်း သိရသည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ပီလောပီနံဥများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စတင်ထုတ်လုပ်ပေးမည်ဖြစ်သဖြင့် ယခုအခါ စိုက်ဧက ၃၀၀ ပေါ်တွင် ပေါင်းမြက်များရှင်းခြင်း၊ မြေများ ညီညာမှုရှိအောင် ပြုပြင်ခြင်း၊ မိုးရွာပါက ရေတိုက်စားမှုမရှိအောင် ဆောင်ရွက်ခြင်း၊ ရေရရှိအောင် ကြိုတင်စီစဉ်ထားခြင်း၊ ပီလောပီနံမျိုးများကို စုဆောင်းထားရှိခြင်း၊ ထွန်စက်အင်အား၊ လူအင်အားဖြင့် စိုက်ကွက်များကို အကွက်ဖော် ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

စက်မှုကုန်ကြမ်းပီလောပီနံစိုက်ခင်းမှ ထွက်ရှိသော ပီလောပီနံဥများမှ ဟင်းခတ်မှုန့်များ၊ သာဂူစေ့များ၊ အရက်နှင့် အရက်ပြန်ချက်လုပ်ရန် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ၊ ဆေးပစ္စည်းသုံး ဂလူးကို့စ်မှုန့်များ၊ ကပ်စေးနှဲများ စသည်တို့ ထွက်ရှိအောင် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(နီလာဝင်း-ပဲခူး)



# အကျဉ်းသားများအား ရွှေဘိုအကျဉ်းဦးစီးဌာန ရေသန့်ဖြန့်ဝေ

**ရွှေဘို ဧပြီ ၇**

အကြောင်းအမျိုးမျိုးကြောင့် အပြစ်ဒဏ်ကျခံနေရသူများ၏ ကျန်းမာရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရွှေဘိုအကျဉ်းဦးစီးဌာနတွင် အဆောက်အအုံ အပါအဝင် ငွေကျပ် ၂၁၄ ဒသမ ၉ သိန်း အကုန်အကျခံကာ ရေသန့်စက်တစ်လုံး တပ်ဆင်ပြီး အကျဉ်းသားများအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ စတင်ပြီး ဖြန့်ဝေပေးလျက်ရှိသည်။**(အောက်ဝဲပုံ)**

အဆိုပါရေသန့်စက်အတွက် ကုန်ကြမ်းရေကို မြေအောက်ရေမှ ရယူ၍ သဲကော်လံ၊ မီးသွေးကော်လံ၊ ထုံးကော်လံတို့သို့ ဖြတ်သန်းစေပြီး ပဏာမသန့်စင်သည်။ ထို့နောက် ရရှိလာသော ရေကို Water Hardness Tester ဖြင့် တိုင်းတာပြီး အပြာရောင် သန့်စင်အဆင့်ရောက်မှ R.O.System ကော်လံထဲသို့ ဖြတ်သန်းသည်။ ယင်းမှတစ်ဆင့် chamber အတွင်း ဖြတ်သန်းစေပြီး အပြီးသတ်ရေသန့်ကို ထုတ်လုပ်သည်။ ထွက်ရှိသော ရေသန့်သည် PH 7 ရှိကာ စံချိန်စံညွှန်းမီကြောင်းသိရပြီး တစ်နာရီလျှင် ၂၄၀ လီတာ ထွက်ရှိသဖြင့် လက်ရှိအကျဉ်းကျခံနေရသူ အကျဉ်းသား ၉၀၀ အတွက် အလုံအလောက် ဖြန့်ဝေပေးနိုင်ကြောင်း သိရှိရသည်။

(၅၇၂)

## ကြေးမုံ မြင်ကွင်း



မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှုများအား ပြည်တွင်းသာမက နိုင်ငံတကာအသိုက်အဝန်းများမှပါ အာရုံစိုက်မှုများ ရှိလာလျက်ရှိသည်။ ယနေ့ကာလတွင် မြန်မာနိုင်ငံသို့ ဧည့်သည်များ၊ ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံတကာသတင်းသမားများ စသည်ဖြင့် နိုင်ငံခြားဧည့်သည်များ ယခင်နှစ်များနှင့်မတူ တိုးတက်ဝင်ရောက်လျက်ရှိရာ (အပေါ်ပုံ/အောက်ပုံ) နိုင်ငံတကာဓာတ်ပုံသမားအချို့က အလှူခံသူအချို့နှင့် လမ်းဘေးဈေးသည်အချို့ကို ဓာတ်ပုံရိုက်ကူးခဲ့သည်ကို သတိပြုကြရမည်ဖြစ်သည်။



**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေရရှိပြီး စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ရေလှောင်တမံများ



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံကို တွေ့ရစဉ်။

### ရဲနွယ်ရေလှောင်တမံ

* ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသည်။
* အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ ပေရှိသည်။ မြေသားတမံအမျိုးအစားဖြစ်သည်။

### ဇောင်းတူရေလှောင်တမံ

* ပဲခူးမြို့နယ် ပတ်ဝန်းကျင်ဒေသများ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်သည်။
* စိုက်ပျိုးမြေ ဧက ၃၆၀၀၀ ကျော်ကို အကျိုးပြုသည်။

### ဘိုင်းဒါးရေလွှဲဆည်

* ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ တည်ရှိသည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။
* အမြင့် ၂၀ ဒသမ ၅ ပေ၊ အကျယ်ပေ ၂၅၀၊ အလျား ၉၈ ပေရှိသည်။
* တူးမြောင်းမကြီးမှာ ၁၅ မိုင်ရှည်လျားပြီး လက်တံမြောင်း လေးခုပါရှိကာ အရှည် ၅၇ မိုင်ရှိသည်။
* ပြွန်တန်ဆာလွင်ပြင်၌ မိုးအခါ ရေလွှမ်းမိုးမှုနှင့် ရန်ကုန် - မန္တလေး ကားလမ်း၊ ရထားလမ်းများ မိုးတွင်းကာလ ရေကြီးမှုမှ ကာကွယ်ပေးနိုင်သည်။
* ဆည်ရေပေးနိုင်သည့် အကျိုးပြုဧကမှာ ၄၆၇၀၀ ဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဇောင်းတူရေလှောင်တမံကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး



ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ ဘိုင်းဒါးရေလွှဲဆည်ကို တွေ့ရစဉ်။




မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်နာယက သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# သဘာဝသယံဇာတပြုန်းတီးခြင်း၊ ငါးမျိုးတုံးခြင်းများ အလေးထားကာကွယ်ရန် အဆိပ်ချငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်း၊ ရှော့ခ်တိုက်ငါးဖမ်းခြင်းများ တိုးမြှင့်အရေးယူမည်

ရန်ကုန် ဧပြီ ၇

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်နာယက သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်နာယက ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒ (၈)ချက်၊ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် (၅)ချက်နှင့် အဆိုပါရည်မှန်းချက်များပြည့်မီအောင် ၂၀၁၂-၂၀၁၃ ခုနှစ်၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၁၅)ချက် ချမှတ်ခဲ့ကြောင်း၊ ငါးကဏ္ဍအနေဖြင့် လုပ်ငန်းစဉ်(၁၀)ချက် ချမှတ်ထားပြီး လုပ်ငန်းစဉ်များအလိုက် ဖက်စပ်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍများတွင် ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် စွမ်းနိုင်သမျှ အကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စီမံချက်ချမှတ်ကာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ အထူးအလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များတွင် ပါဝင်သည့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးဌာန၊ အသင်းအဖွဲ့များ၊ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးနှင့် သားငါးသယံဇာတထိန်းသိမ်းနိုင်စေရန်ရည်ရွယ်ပြီး ကမ်းနီးငါးဖမ်းခြင်းလုပ်ငန်းများ၊ မိရိုးဖလာ ငါးဖမ်းခြင်း၊ တစ်နိုင်တစ်ပိုင် ငါးဖမ်းခြင်းလုပ်ငန်းများကို ပထမဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအနေဖြင့် သဘာဝသယံဇာတ ပြုန်းတီးခြင်း၊ ငါးမျိုးတုံးခြင်းများကို အထူးအလေးထားကာကွယ်နိုင်ရန် အဆိပ်ချငါးဖမ်းခြင်း၊ မိုင်းခွဲငါးဖမ်းခြင်း၊ လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ ဂျမ်းတိုက်ငါးဖမ်းခြင်း၊ Baby Trawl ငါးဆွဲခြင်းများကို ထိရောက်ဟန့်တားသည့် အရေးယူခြင်းများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း ခေတ်မီသော ငါးဖမ်းနည်းစနစ်များဖြင့် ငါးဖမ်းခြင်းကို မပြုလုပ်စေဘဲ တရွတ်ဆွဲ ကမ်းဝေးငါးဖမ်းခြင်းကိုလည်း စီမံကိန်းနှစ်အလိုက်လျှော့ချကာ လုပ်ငန်းရှင်ငယ်များကိုသာ ဦးစားပေးပြီး ငါးဖမ်းဆီးခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းသား အသင်းသူများ၏ သားသမီးများအား ဆုများချီးမြှင့်ရာ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်နေမျိုးလင်းအား ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ငါးဘာသာဂုဏ်ထူးရှင် မခန့်မြတ်သောင်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က လည်းကောင်း၊ လေးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသည့် မောင်ရဲရန်နိုင်ဆွေအား ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ မနှင်းဦးယဉ်အား ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် မောင်ကျော်စည်သူအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်များ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

(သတင်းစဉ်)

# မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် နှောင်းတန်ခူးလဆုတ် ၇ ရက်နေ့မှ ၁၀ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့်ဓလေ့အစဉ်အလာလည်းရှိပါသည်။

သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

ထို့ကြောင့် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည် -

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်။

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်။

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်။

(ဃ) မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ ပြုမူမှုများ၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ၊

(ဃ) တစ်ပါးသူ (သို့မဟုတ်)အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့် အပြုအမူများ။



**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ စက္ခုဒါနမျက်စိအလင်းရောင်လှူဒါန်းနေမှုနှင့် ခွဲစိတ်မည့်လူနာများအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စက္ခုဒါနမျက်စိအလင်းရောင်လှူဒါန်းခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၇

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ကူညီပံ့ပိုးမှုတို့ဖြင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် IBTC ကုမ္ပဏီက အဓိကပံ့ပိုးလှူဒါန်းသော စက္ခုဒါနမျက်စိ အလင်းရောင်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းနှင့် IBTC ကုမ္ပဏီမှ Executive Director ဦးတင်ဦးတို့က အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပါဝင်ကူညီခဲ့ကြသူများနှင့် မျက်စိအထူးကု ဆရာဝန်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး လူနာများအား မျက်မှန်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် (၂၅၉၄)နှစ်မြောက် ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကြက်မမှုင်းဥအရွယ်ကြက်ဥ ဥထားသည်ကို ထူးဆန်းစွာတွေ့ရှိရ

**မြစ်ငယ် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ကုန်တွဲရုံမှူး ဦးမျိုးချမ်း၏မိသားစုသည် မိမိတို့နေထိုင်သည့် ဝန်ထမ်းအိမ်ရာတွင် တစ်ပိုင်တစ်နိုင် ဝါသနာအလျောက် ကြက်များ မွေးမြူခဲ့သည်။ မတ် ၁၈ ရက်တွင် ၎င်းမွေးမြူထားသော ကြက်မလေးတစ်ကောင်မှ တစ်နေ့တစ်လုံးကျ ဥများဥခဲ့ရာ ကိုးလုံးမြောက်ဥတွင် ကြက်ဥထက်သေးငယ်သော ငုံးဥအရွယ်ခန့်ရှိ ပန်းရောင်ကြက်ဥ



ငယ်လေးတစ်လုံး ဥထားသည်ကို ထူးဆန်းစွာတွေ့ရှိ၍ မြို့နေပြည်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။**(အပေါ်ပုံ)** (၄၃၃)

# ဘာသာစကားကျွမ်းကျင်ရေးအတွက် ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၇**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် ဂျပန်-မြန်မာ ပညာရေးစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် Park Royal Hotel ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။

ဂျပန်-မြန်မာ ပညာရေးဆိုင်ရာ လက်မှတ်ရေးထိုးပွဲတွင် ရန်ကုန်မြို့ရှိ ဂျပန်ဘာသာ ကျွမ်းကျင်မှုသင်တန်းမှ ကျောင်းအုပ်ကြီး ဦးရဲလွင်(ခ) ဦးရဲမြလွင်နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ (မက်ဆူရီ) ဂျပန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး မက်ဆူရီတို့သည် ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ဘာသာစကားနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းမှုတွင် လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာရေးကို ရည်ရွယ်၍ နှစ်နိုင်ငံပညာရေးအတွက် သဘောတူ လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

ယနေ့ ဂျပန်နိုင်ငံသည် စက်မှုစီးပွားရေးခေတ်ကို ကျော်လွှားပြီး အီလက်ထရွန်နစ်ခေတ်သို့ အောင်မြင်စွာရောက်ရှိနေသည့် ဂျပန်လူမျိုးများ၏ မြင့်မားသောနည်းပညာများကို မြန်မာပြည်သူများ ရရှိရန်အဓိကလိုအပ်ချက်မှာ ဂျပန်ဘာသာစကားနှင့် ဂျပန်စာပေကျွမ်းကျင်လိမ္မာစွာ တတ်မြောက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း ဂျပန်ကျောင်းအုပ်ဆရာကြီး မက်ဆူရီ၏ ပြောကြားချက်အရ သိရသည်။

ဆက်လက်၍ ဂျပန်-မြန်မာ နှစ်နိုင်ငံ ပညာရေး စာချွန်လွှာများ အပြန်အလှန်လဲလှယ်ပေးပြီး ဂျပန်ကျောင်းအုပ်ကြီး မက်ဆူရီက ဆရာကြီး ဦးရဲမြလွင်ထံသို့ ဂျပန်ဘာသာစကားနှင့် ပညာရေးဆိုင်ရာ အထောက်အကူပြု ဗီဒီယိုနှင့် ပညာရေးစာအုပ် စာတမ်းများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ပွင့်ဦး)



ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# နွေရာသီတွင် အများပြည်သူတို့၏ ဓာတ်အားသုံးစွဲမှုပမာဏ ပိုမိုများပြားလာခြင်းကြောင့် နယ်မြေဒေသအသီးသီး၌ လျှပ်စစ်ဓာတ်အားကို ဧပြီ ၂ ရက်မှစ၍ အလှည့်ကျဝန်အားလျှော့စနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၇**

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူ များပြားလာခြင်း၊ စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာခြင်းတို့အပြင် နွေရာသီကာလတွင် မြို့ပေါ်နေ ပြည်သူများအနေဖြင့် လေအေးပေးစက်များ ပိုမိုသုံးစွဲလာခြင်းတို့ကြောင့် မတ်လအတွင်း ဓာတ်အားလိုအပ်ချက်များ မြင့်မားလာခဲ့ရာ ရန်ကုန်မြို့၏ ဓာတ်အားလိုအပ်ချက်မှာ ၈၀၀ မဂ္ဂါဝပ်အထိဖြစ်လာခဲ့ပြီး ယခင်နှစ် လိုအပ်ချက်ထက် ၂၁၀ မဂ္ဂါဝပ်ခန့် ပိုခဲ့သည်။

ထို့အတူ မန္တလေးမြို့တွင် ယခုနှစ်ဓာတ်အားလိုအပ်ချက်မှာ ၂၈၀ မဂ္ဂါဝပ်အထိ တိုးမြင့်လာသဖြင့် ယခင်နှစ်ထက် ၅၇ မဂ္ဂါဝပ်ခန့် ပိုမိုလာခဲ့သကဲ့သို့ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း ၆၄၀ မဂ္ဂါဝပ်ထိ တိုးမြင့်လာ၍ ယခင်နှစ်ကထက် ၁၁၃ မဂ္ဂါဝပ် ပိုမိုလိုအပ်ခဲ့ရာ တစ်နိုင်ငံလုံး ဓာတ်အားလိုအပ်မှုမှာ ၁၇၂၀ မဂ္ဂါဝပ်ဖြစ်ပြီး ဓာတ်အားရရှိမှုမှာ ၁၅၂၉ မဂ္ဂါဝပ်ဖြစ်၍ ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ခန့်ကို ဓာတ်အားဖြတ်တောက်မှုများ ဆောင်ရွက်ခဲ့ရသည်။

ယခုနှစ်အတွက် ဓာတ်အားထုတ်လုပ်ရရှိမှုမှာ ယခင်နှစ်ကထက် လျော့နည်းခြင်းမရှိသော်လည်း ဓာတ်အားလိုအပ်ချက်မြင့်မားလာသဖြင့် တစ်နိုင်ငံလုံးသို့ ၂၄ နာရီ အချိန်ပြည့် ဓာတ်အားပေးနိုင်ရန်အတွက် အလှည့်ကျဝန်အားလျှော့စနစ်ကို အသုံးပြု၍ ဓာတ်အားဖြန့်ဖြူးရန် စီစဉ်ခဲ့ရာတွင် အများပြည်သူတို့၏ သောက်သုံးရေရရှိရေး၊ ချက်ပြုတ်ရေးနှင့် အခြားသော လုပ်ငန်းဆောင်တာတို့ကို အဆင်ပြေစေရန်အတွက် အုပ်စုသုံးစုခွဲ၍ အလှည့်ကျဖြန့်ဖြူးပေးခြင်း၊ အလှည့်ကျဓာတ်အားဖြတ်တောက်ခြင်းစနစ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အုပ်စုသုံးစုခွဲ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အုပ်စုနှစ်စုကို ဓာတ်အားပေးပြီး ကျန်အုပ်စုတစ်စုကို ဓာတ်အားဖြတ်တောက်ခြင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအတွင်း အုပ်စုနှစ်စုကို ဓာတ်အားပေးပြီး ကျန်အုပ်စုတစ်စုကို ဓာတ်အားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်၍ ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၇ နာရီအထိကိုမူ ရန်ကုန်တိုင်းဒေသကြီးရှိ အုပ်စုသုံးစုလုံးကို ဓာတ်အားဖြန့်ဖြူးပေးထားမည်ဖြစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်မူ အုပ်စုနှစ်စုကိုသာ ဓာတ်အားပေးထားနိုင်မည်ဖြစ်သည်။

ထိုသို့ အများပြည်သူတို့အား ဓာတ်အားပေးနိုင်ရန်အတွက် စက်မှုဇုန်များကို အုပ်စုနှစ်စုခွဲ၍ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်အုပ်စု၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီထိ တစ်အုပ်စု အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး ညပိုင်းတွင် စက်မှုဇုန်အားလုံး မြစ်ရေတင်လုပ်ငန်း၊ ရပ်ကွက်တွင်း စက်မှု/လက်မှုလုပ်ငန်းနှင့် သံရည်ကျိုလုပ်ငန်းများအားလုံးကို ဓာတ်အားဖြတ်တောက်ဆောင်ရွက်ခဲ့ရသည်။

သို့ဖြစ်ရာ လောလောဆယ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေအရ တိုးမြင့်လာသော ဓာတ်အားလိုအပ်ချက်ပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းပေးရန် အခက်အခဲရှိခြင်းကြောင့် ဓာတ်အားဖြတ်တောက်ရခြင်းဖြစ်ကြောင်း၊ အခြားနည်းလမ်းဖြစ်သော သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားပိုမိုထုတ်လုပ်ရရှိနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီလများတွင် အများပြည်သူအားလုံး၊ စက်မှုဇုန်များနှင့် လုပ်ငန်းအားလုံးကို ၂၄ နာရီပတ်လုံး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၇**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ လွှတ်တော်ကိုယ်စားလှယ်(၆၂)ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပုဂ္ဂလိက အဆင့်မြင့်အထူးကုဆေးရုံ (Poly Clinic Hospital) များ ဆောက်လုပ်ကုသခြင်းအတွက် ပြည်သူများအပေါ် အကျိုးအပြစ်နှင့် စပ်လျဉ်းသည့်အဆိုကို အတည်ပြုခြင်း၊ ရဲအရေးပိုင်မှူးတွင် ရုတ်တရက် ထိခိုက်ဒဏ်ရာရကြသူများအား အရေးပေါ် ဆောင်ရွက်ပေးကြရာ၌ တရားစွဲအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက် သတ်မှတ်ခြင်းတို့ဆောင်ရွက်ပြီး ညနေ ၃ နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။ (သတင်းစဉ်)

# ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၇**

**ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် မေးခွန်း(၂၁)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မွန်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာငွေအရ/ အသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုခြင်း၊ "အများပိုင်သစ်တောထူထောင်ဆောင်ရွက်ပေးပါရန်" အဆိုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ခြင်း၊ "မွန်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မှတ်တမ်းတင်ထိန်းသိမ်းစောင့်ရှောက်ရေး" တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ခြင်း၊ မွန်စာပေသင်ကြားရေး တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ မွန်ပြည်နယ်အတွင်း ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခြင်း၊ ပြည်နယ်ရေးရာကော်မတီ(၃)ဖွဲ့၏ သက်တမ်းတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ အတည်ပြုခြင်းတို့ ဆောင်ရွက်ပြီး ညနေ ၃ နာရီတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

# ရန်ကုန်မြို့၌ သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ်

**ရန်ကုန် ဧပြီ ၇**

၂၀၁၂ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၃ ရက်(သင်္ကြန်အကျနေ့)၊ ဧပြီ ၁၄ ရက်(သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ ရက်(သင်္ကြန်အတက်နေ့)တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် ၂၄ နာရီ ရေပေးဝေမည်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများကိုလည်း အလားတူ ၂၄ နာရီ ပေးဝေမည်ဖြစ်သည်။

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ညနေ ၃နာရီမှ ၆ နာရီအထိ တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့ကို နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)(တောင်ပိုင်း)(အရှေ့ပိုင်း)မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင်တာဝန်ချထားသည့် (ရေ/သန့်)ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီး အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း- ၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀ နှင့် ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



# လျှပ်စစ်မီးတိုင်ဆောင်ရွက်စဉ် မီးရထားစက်ခေါင်းနှင့်ပွတ်တိုက်မိ

**မော်လူး ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်း ဖွံ့ဖြိုးမှုအတွက် လျှပ်စစ်မီးတိုင်များဆောင်ရွက်နေစဉ် မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် (၄၁) အဆန် မန္တလေး-မြစ်ကြီးနား လူစီးရထားသည် ကောလင်းဘူတာအထွက် မိုင်တိုင် (၅၁၆-၂၂၊ ၂၃) ကြားတွင် မီးရထားစက်ခေါင်းနှင့် လျှပ်စစ်မီးတိုင်ပွတ်တိုက်မိမှုဖြစ်ပွားခဲ့သည်။ ထိုတိုက်မိမှုကြောင့် ရထားစီးခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။**(အပေါ်ပုံ)** (၆၈၅)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၈-၄-၂၀၁၂ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | ပရိတ်တရားတော် |
| ၈း၂၀ | ခါသင်္ကြန်အဆိုအကများ |
| ၈း၄၀ | International News |
| ၁၁း၂၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၂း၀၀ | **မြန်မာဗီဒီယိုဇာတ်လမ်း "အကြင်နာဘဏ်တိုက်" (ရန်အောင်၊ မောင်၊ မေသန်းနု၊ နန္ဒာလှိုင်၊ မေသက်ခိုင်) (ဒါရိုက်တာ-ဒေါန)** |
| ၂း၃၀ | ခါသင်္ကြန်အဆိုအကများ |
| ၄း၄၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအထူးပြုများ) (အရှေ့တိုင်းပညာ) |
| ၅း၂၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၂၀ | ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၃၄) |
| ၆း၄၀ | တစ်မျက်နှာ၊ တစ်ကွက်စာ "အတ္တနှလုံးသား" (ဟန်ထက်စော၊ မေ) [ဒါရိုက်တာ-မေတင် (MMG)] |
| ၇း၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၈)** |
| ၈း၀၀ | ပြည်တွင်းသတင်း -ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၀၆) -ရင်ခုန်လက်ကမ်း တေးသစ်လမ်း |

# မဟာသင်္ကြန်၌ ကျုံးရေသုံးစွဲရေကစားလိုလျှင် မန္တလေးမြို့တော်စည်ပင်သို့ လျှောက်ထားနိုင်

**မန္တလေး ဧပြီ ၇**

၁၃၇၃ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နန်းမြို့ကျုံးပတ်လည်နှင့် မြို့တွင်းကျုံးရေကန်များမှ ရေသွယ်ယူပြီး ရေစုပ်စက်ဖြင့် ရေပက်ကစားခြင်းများအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနသို့ အဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် ၅၀၀၀၀ ပေးသွင်းပြီး သုံးစွဲခွင့် လျှောက်ထားရမည်ဖြစ်သည်။ ကျုံးရေသုံးစွဲခွင့်မရှိဘဲ ရေစုပ်စက်အသုံးပြုရေကစားနေသည်ကို တွေ့ရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းကို ခံရမည်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားလျှင် အရေးပေါ်အသုံးပြုရန် တပ်ဆင်ထားသော မီးသတ်ရေငုတ်များမှ ရေကို အသုံးပြုရေကစားခြင်းများ လုံးဝမပြုလုပ်ရန်နှင့် သုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိရပါက မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

**❍ ဝါးဖြင့် တည်ဆောက်သောမှ**

ဂါနာနှင့် ဇမ်ဘီယာနိုင်ငံတို့၌ ဝါးစက်ဘီးများကို စမ်းသပ်အသုံးပြုခဲ့ရာ တိုးတက်အောင်မြင်မှု ရရှိခဲ့ကြောင်း၊ မိမိတို့၏ မဏိပူရပြည်နယ်၌လည်း ဝါးစက်ဘီးများကို တွင်တွင်ကျယ်ကျယ် အသုံးပြုမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဆာလမ်ကပြောကြားသည်။

မော်တော်ယာဉ်ဆူညံသံများနှင့် လေထုညစ်ညမ်းမှုလျှော့ချရာတွင် ဝါးစက်ဘီးများက အထောက်အပံ့ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***

# ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဧပြီ ၇**

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီက ပျော်ရွှင်ဆင်နွှဲမန်းသင်္ကြန်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဖလင်(သို့မဟုတ်) ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးထားသော ၁၀ လက်မ × ၁၄ လက်မအရွယ် အလျားလိုက် ရိုက်ကူးထားသည့် ဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)နံနက် ၈ နာရီနောက်ဆုံးထား၍ မန္တလေး နေ့စဉ်သတင်းစာတိုက်သို့ တင်သွင်းနိုင်ကြောင်း သိရသည်။

(၆၅၃)

**❖ ရန်ကုန်မြို့မှ**

ကမ္ဘာအေးစေတီလမ်းမပေါ်တွင် မဏ္ဍပ်ပေါင်း ၁၄ ခုရှိရာ စက်မှု(၁) ဝန်ကြီးဌာနရုံးဟောင်းရှေ့မှ လမ်းဆုံမီးပွိုင့်အထိ ရေကစားမဏ္ဍပ်သုံးခု၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် စက်မှု(၁)လမ်းဆုံမီးပွိုင့်အတွင်း ရေကစားမဏ္ဍပ် လေးခု၊ မြကျွန်းသာပန်းခြံရှေ့ ရေကစားမဏ္ဍပ် တစ်ခု၊ အင်းလျားကန်ဘေးရေကစားမဏ္ဍပ် တစ်ခု၊ မရင်နာဟိုတယ်အနီး ရေကစားမဏ္ဍပ် နှစ်ခု၊ အခွန်လွတ်ဈေးအနီး ရေကစားမဏ္ဍပ် တစ်ခုတို့ဖြစ်သည်။ အလုံမြို့နယ်တွင် မြို့မကျောင်းလမ်းနှင့် ပြည်လမ်းကြား ဆောက်လုပ်ရေးရုံးရှေ့ ရေကစားမဏ္ဍပ် တစ်ခု၊ Summit Park view ရှေ့ ရေကစားမဏ္ဍပ် တစ်ခု၊ International Hotel ရှေ့ ရေကစားမဏ္ဍပ် တစ်ခု၊ ပါရမီလမ်း၊ မင်းလမ်း မုန့်တီဆိုင်ရှေ့ နှစ်ခုတို့ဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် (ကန်တော်ကြီးပတ်လမ်းတွင်) ငါးပြတိုက်ရှေ့ ရေကစားမဏ္ဍပ် သုံးခု၊ ကန်တော်ကြီး ဟိုတယ်ရှေ့ ရေကစားမဏ္ဍပ် သုံးခု၊ ကန်တော်ကြီး ကန်ပတ်လမ်းတွင် ရေကစားမဏ္ဍပ် နှစ်ခု၊ ကန်တော်ကြီး ကန်ပတ်လမ်း ပါဝါလိုက်စားသောက်ဆိုင်ရှေ့ရေကစားမဏ္ဍပ် သုံးခု၊ သိမ်ဖြူလမ်း လက်ဝှေ့ရုံရှေ့ ရေကစားမဏ္ဍပ် တစ်ခု၊ သိမ်ဖြူလမ်း ဟော်ကီကွင်းရှေ့ ရေကစားမဏ္ဍပ် နှစ်ခု၊ သိမ်ဖြူလမ်း ယာဉ်မောင်းသင်တန်းကွင်းရှေ့ ရေကစားမဏ္ဍပ် နှစ်ခု၊ ဦးထွန်းမြတ်လမ်း UNDP ဘေး ရေကစားမဏ္ဍပ် နှစ်ခု၊ ကန်တော်ကြီးပတ်လမ်း မျက်စိဆေးရုံရှေ့ ရေကစားမဏ္ဍပ် တစ်ခု၊ သစ်ခွကျွန်း ဟိုတယ်ရှေ့ ရေကစားမဏ္ဍပ်တစ်ခု စုစုပေါင်း ၂၁ ခု တည်ဆောက်မည်ဖြစ်သည်။ ဆရာစံလမ်းရှိ ရေကစားမဏ္ဍပ် (Mr. Guitar)ရှေ့မှ ကုက္ကိုင်းရေကူးကန်အနီး နှစ်ခု၊ ပြည်ထဲရေးဝန်ကြီးရုံးရှေ့ ရေကစားမဏ္ဍပ် အသီးသီးတို့တွင် ရန်ကုန်မြို့တော်နေ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရန် သက်ဆိုင်ရာမှ စီစဉ်ခွင့်ပြုထားသည့် မဏ္ဍပ်ပေါင်း ၄၅ ခု တည်ဆောက်လျက်ရှိသည်။

ယခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးတွင် မြို့တော်နေပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန်အတွက် ပုဂ္ဂလိကကုမ္ပဏီဖြစ်သော Naing Group ဆောက်လုပ်ရေးမှ ကမ္ဘာအေးစေတီလမ်း မြကျွန်းသာပန်းခြံရှေ့ ရေသဘင်မဏ္ဍပ်ကြီးတွင်မြူးကြွသည့် သံစဉ်များနှင့် ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာရှင်များက နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ကောင်းမှုဝေကာ အများပြည်သူကို ပျော်ရွှင်ချမ်းမြေ့ စေမည်ဖြစ်ကြောင်း Naing Group အော်ပရေးရှင်းဒါရိုက်တာက City Star Hotel ၌ ဧပြီ ၅ ရက်က ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ကုမ္ပဏီ၏ သင်္ကြန်ဖျော်ဖြေရေး အစီအစဉ်တွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ သက်မွန်မြင့်၊ မိုးယုစံ၊ တေးသံရှင်ဆောင်းဦးလှိုင်၊ ရန်ပိုင်စိုး၊ စနဲ၊ နိုင်းဝမ်း၊ ဘန်နီဖြိုး၊ ရှင်ဖုန်း၊ နီနီခင်ဇော်နှင့် ဟစ်ဟော့ပ်အဖွဲ့သားများ ပါဝင်သီဆိုပေးသွားမည်ဖြစ်သည်။ ဥက္ကာဦးသာ ဦးစီးသော Plus-3 မှ ပါဝင်တီးခတ် အားဖြည့်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကြီးတွင်လည်း အလှ၊ အက၊ သဘာဝများဖြင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက်ထိန်းသိမ်းနေသော မြို့တော်ဝန်မဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့၌ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ခေတ်ပေါ်တေးဂီတများ၊ ဗီဒီယိုသရုပ်ဆောင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသားပေါင်းစုံပါဝင်သော ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မြို့တော်စည်ပင်ဝန်ထမ်းများနှင့် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ဖွင့်ပွဲကို သင်္ကြန်အကြိုနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထို့အပြင် တေးသံရှင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၏ ရေကစားမဏ္ဍပ်ကို ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန်ဘေးတွင် တည်ဆောက်ထားပြီး တေးသံရှင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများက မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာကို အတာရေနှင့်အတူ တေးသီချင်းများဖြင့် ပျော်ရွှင်စွာ သီဆိုရင်း နှစ်သစ်ကို ကြိုဆိုကြမည်ဖြစ်ကြောင်း သိရသည်။

(၀၀၃)

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား ဟော်ကီပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဧပြီ ၇**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် နဝမအကြိမ်မြောက် အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည်အမှတ်ပေးဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၅ နာရီက သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ပါဝင်ယှဉ်ပြိုင်သည့်အသင်းများမှ တာဝန်ရှိသူများ၊ ဟော်ကီအားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ညနေ ၃ နာရီနောက်ဆုံးပွဲစဉ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တတိယဆုရ တပ်မတော်(ရေ)အသင်းကို ဒုတိယရဲမှူးကြီးမောင်စိုးက လည်းကောင်း၊ ဒုတိယဆုရ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းကလည်းကောင်း၊ ပထမဆုရရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်က လည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းကလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ချီးမြှင့်ပြီး**(အပေါ်ပုံ)**အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၉)



**※ မကွေးနှင့် ရန်ကုန်မှ**

တိုက်စစ်မှူးများ အဆုံးသတ်အားနည်းခြင်း၊ Southern ဂိုးသမား ပြည့်ဖြိုးအောင် သေချာပေါက် ဂိုးများကိုကာကွယ်သွားသောကြောင့် မကွေးတို့ အနိုင်ရရန် ရှုံးကန်ခဲ့ရသည်။ ၈၇ မိနစ်တွင် ပြည့်ဖြိုးအောင် ဒဏ်ရာကြောင့် ထွက်သွားရ၍ မကွေးကံကောင်းသွားပြီး မိနစ် ၉၀ တွင် မောင်မောင်စိုးက အနိုင်ဂိုးသွင်းယူသွားခြင်းဖြစ်သည်။

**(ဗထူးကွင်း)**

**ရတနာပုံ - နှစ်ဂိုး**

(ရန်ပိုင်နှင့်ကိုနေး)

**နေပြည်တော် - ဂိုးမရှိ**

ယခုပွဲအနိုင်ရလဒ်ကြောင့် ရတနာပုံတို့ရမှတ် ၂၈ မှတ်ဖြင့် ရာသီဝက် ချန်ပီယံဖြစ်ရန် အလားအလာကောင်းသွားသည်။

**(အောင်ဆန်းကွင်း)**

**ရန်ကုန်ယူနိုက်တက် - ငါးဂိုး**

(မလာဒန်၊ အောင်သိုက်၊ ကြည်လင်းနှင့် ကောင်းစည်သူ - တစ်ဂိုးစီ မောရဝတီမှ ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)

**မောရဝတီ-ဂိုးမရှိ**

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

**ရက္ခပူရယူနိုက်တက် - ကမ္ဘောဇ**

**(အောင်ဆန်းကွင်း)**

**မနောမြေ - ချင်းယူနိုက်တက်**

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

**❐ ကျောဖုံးမှ**

အဆိုပါဇာတ်ကားကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ ဘာရီဆန်နန်ဖီးလ်က ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူများက ဦးဆောင်၍ မေ ၂၄ ရက်တွင် အရောင်းမြှင့်တင်ရေး စတင်ပြုလုပ်သွားမည်ဖြစ်သည်။

Men in Black III ဇာတ်ကားသည် Men in Black ဇာတ်ကား၏ တတိယမြောက် ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင် The Fresh Prince ဇာတ်ကားဖြင့် ဟောလိဝုဒ်တွင် နာမည်ရလာသည့် သရုပ်ဆောင်၊ ထုတ်လုပ်သူ ရက်ပ်အဆိုတော် ဝီလ်စမစ်က အဓိကဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ စမစ်သည် သရုပ်ဆောင်လောကတွင် ရွှေကမ္ဘာလုံးဆု လေးကြိမ်၊ အကယ်ဒမီဆု နှစ်ကြိမ်နှင့် အဆိုတော်လောကတွင် ဂရမ်မီဆု အမြောက်အမြား ဆွတ်ခူးရရှိထားသူဖြစ်သည်။ ၎င်း၏ နာမည်ကျော်လူကြိုက်များသည့် ဇာတ်ကားများမှာ Bad Boys၊ Independence Day၊ Men in Black၊ Pursuit of Happiness၊ Hancock၊ Hitch နှင့် Shark Tale ဇာတ်ကားတို့ဖြစ်သည်။

ဂျို့စ်ဘရိုလင်သည် ၁၉၈၅ ခုနှစ်က The Goonies ဇာတ်ကားဖြင့် သရုပ်ဆောင်လောကသို့ ရောက်ရှိလာသူဖြစ်ပြီး ၎င်းကို လူကြမ်းဇာတ်ရုပ်နေရာတွင် သရုပ်ဆောင်ရာ၌ ပီပြင်မှုကြောင့် လူသိများသည်။ ဘရိုလင် ပါဝင်ခဲ့သည့် နာမည်ကျော်ဇာတ်ကားများမှာPlanet Terror၊ No Country for Old Men၊ Milk၊ Wall Street: Money Never Sleeps ဇာတ်ကားတို့ဖြစ်သည်။

***အင်တာနက်။***

**အောဝမ်းစိုး**

# (၅၄)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက နှစ်စဉ်ကျင်းပသည့် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို (၅၄)ကြိမ်မြောက်အဖြစ် ဧပြီ ၁၁ ရက်မှ ၁၄ ရက်အထိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား၌ ရွှေ၊ ငွေ၊ ကြေးအဆင့် အသင်းအလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းအကျောမဲ့ပြိုင်ပွဲ၊ (၀-၁၅)သက်ကြီးတန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် ပြင်ဦးလွင်တံခွန်စိုက်ဖလားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အချက်ကျော သတ်မှတ်ချက်နှင့် ပြိုင်ပွဲနည်းစနစ်မှာ ရွှေအဆင့်ပြိုင်ပွဲတွင် အချက်ကျော(၀-၁၂)ချက်အထိ လည်းကောင်း၊ ငွေအဆင့်ပြိုင်ပွဲတွင် အချက်ကျော(၁၃-၁၈)ချက်အထိ လည်းကောင်း၊ ကြေးအဆင့်ပြိုင်ပွဲတွင် အချက်ကျော(၁၉-၂၄)ချက်အထိ လည်းကောင်း သတ်မှတ်ထားသည်။ အသင်းလိုက်ပြိုင်ပွဲတွင် တစ်သင်းလျှင် ပြိုင်ပွဲဝင်လေးဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အကောင်းဆုံးသုံးဦး၏ အကျောမဲ့ရိုက်ချက်ကို တွက်ချက်မည်ဖြစ်သည်။ တစ်ဦးချင်းပြိုင်ပွဲများတွင် မိမိ Handicap အချက်ကျောမဲ့စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(၅၄)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို Main Sponsor အဖြစ် KM Golf Centre က အဓိက ကူညီပံ့ပိုးမည်ဖြစ်ပြီး Co-sponsor များအဖြစ် HAN Golf Masters, MK Fashion, Feel Restaurant,Hotel Pyin Oo Lwin, Lucky သောက်ရေသန့်၊ ရွှေနန်းထိုက် ဆောက်လုပ်ရေး၊ Point နေကြာစေ့၊ မြန်မာဘီယာ၊ KBZ Bank, Fortune Group Co, Ltd.၊ ရွှေသပြေကုမ္ပဏီ၊ ပန်ဟုတ်ဒူဝါကုမ္ပဏီတို့က ထပ်မံ၍ ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် ပြိုင်ပွဲဝင် အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲအတွက် ပံ့ပိုးကူညီလိုသော Sponsor ကုမ္ပဏီများ၊ အဖွဲ့အစည်းများအနေဖြင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းရုံး ဖုန်း-၀၈၅-၂၂၃၈၂၊ မန်နေဂျာ ဦးထွန်းသာဖံ၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေး ဖုန်း-၀၉-၂၀၃၁၉၀၅၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်အုံး-ဖုန်း-၀၉-၂၀၄၄၇၉၂၊ ဗိုလ်မှူးရဲထက် ဖုန်း-၀၉-၄၉၂၆၅၀၂၉၊ ဦးကျော်ဌေးကို ဖုန်း-၀၉-၂၀၄၄၀၇၅ နှင့် ဦးမျိုးသန့် ဖုန်း-၀၉-၉၁၀၄၁၄၉၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# စံချိန်ယူရေကူးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင်ရွေးချယ်ရန်နှင့် အလားအလာရှိသောမျိုးဆက်သစ်လူငယ် ရေကူးအားကစားသမားများ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်လျက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ စံချိန်ယူရေကူးပြိုင်ပွဲများကို ဧပြီ ၂၄၊ ၂၅ နှင့် ၂၆ ရက်တို့တွင် နေ့စဉ် နံနက် ၈ နာရီမှစတင်၍ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ (၁၃)နှစ်အောက် မျိုးဆက်သစ် သက်ငယ်တန်းပြိုင်ပွဲနှင့် (၁၃)နှစ်အထက်မှ (၂၄)နှစ်အောက် သက်ကြီးတန်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ သက်တန်းများအလိုက် အလွတ်ကူးပြိုင်ပွဲ၌ မီတာ(၅၀-၁၀၀-၂၀၀-၄၀၀-၈၀၀-၁၅၀၀) ပြိုင်ပွဲများ၊ ပက်လက်ကူးပြိုင်ပွဲ၌ မီတာ(၅၀-၁၀၀-၂၀၀)ပြိုင်ပွဲများ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ (၅၀-၁၀၀-၂၀၀)ပြိုင်ပွဲများ၊ လိပ်ပြာကူးပြိုင်ပွဲ၌ မီတာ (၅၀-၁၀၀-၂၀၀)ပြိုင်ပွဲများနှင့် တစ်ဦးချင်းလေးမျိုးကူး ပြိုင်ပွဲ၌ မီတာ(၂၀၀-၄၀၀)ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ရေကူးမျိုးဆက်သစ်လူငယ်များနှင့် သက်ကြီးတန်းရေကူးအားကစား မောင်မယ်များသည် ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် (ဦးဝိစာရ အမျိုးသားရေကူးကန်)သို့ အမည်စာရင်း ပေးသွင်းပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဖုန်း-၃၇၈၅၅၀၊ ၀၉-၇၃၀၅၄၀၄၄၊ ၀၉-၄၃၁၁၄၉၄၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန် -**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သာ အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ဝက်စ်ဘရွန်း၌သာ ကစားရန်ဆန္ဒရှိနေသည်ဟု ဘန်ဖော်စတာကဆို



***အင်္ဂလန်ဂိုးသမားဟောင်း ဘန်ဖော်စတာ။***

**လန်ဒန် ဧပြီ ၇**

ဝက်စ်ဘရွန်းဂိုးသမားဘန်ဖော်စတာသည် မိခင်ကလပ်ဖြစ်သည့် ဘာမင်ဂန်အသင်းက ပြန်လည်ခေါ်ယူမည်ဆိုလျှင်ပင် ဝက်စ်ဘရွန်း၌သာ ဆက်လက်ကစားရန် ဆန္ဒရှိနေသေးကြောင်း ဖော်စတာကအသင်းတာဝန်ရှိသူများအား ပြောကြားခဲ့သည်။

အဆိုပါ အင်္ဂလန်ဂိုးသမားဟောင်း ဘန်ဖော်စတာသည် ယမန်နှစ်မေလက ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဘာမင်ဂန်အသင်း၏ ချောင်ထိုးထားခြင်းကို ခံရပြီးနောက် ဘောလုံးရာသီတစ်လျှောက်လုံး ဝက်စ်ဘရွန်းအသင်းတွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရသူဖြစ်သည်။

ထို့ပြင် ဘာမင်ဂန်အသင်းက ၎င်းတို့၏ အကျိုးအမြတ်အဖြစ် ဖော်စတာ၏ တစ်ပတ်လုပ်ခလစာကိုပေါင် ၂၇၀၀၀ လိုချင်ခဲ့ကြောင်း ဖော်စတာအား တစ်ဆင့်ခံပြောကြားခဲ့သည်။ ထို့နောက် ဖော်စတာအား ပထမဆုံးအကြိမ်တောင်းဆိုမှုအဖြစ် မိခင်ကလပ်ဘာမင်ဂန်သို့ ပြန်လည်ကစားရန် ဘာမင်ဂန်အသင်းက မျှော်လင့်ထားသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

သို့သော်လည်း ဖော်စတာက ယခုနှစ်နွေရာသီတွင် ဝက်စ်ဘရွန်းအသင်းနှင့် တရားဝင်ဖြစ်မည့် အမြဲတမ်း စာချုပ်ချုပ်ဆိုရန် စိတ်အားထက်သန်လျက်ရှိကြောင်း ဖော်စတာက အသင်းတာဝန်ရှိသူများအားအသိပေး ပြောကြားခဲ့သည်။

***အင်တာနက်။***

နိုင်လင်းကြည်

**သင့်သွေးဖြင့် အသက်ကယ်ပါ**

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၂) အနိုင်/အရှုံးရလဒ်များ

၇ - ၄ - ၂၀၁၂

| | | | | |
|---|---|---|---|---|
| ဆန်းဒါးလန်း | ၀ | - | ၀ | စပါး |
| ဘော်လ်တန် | ၀ | - | ၃ | ဖူလ်ဟမ် |
| ချယ်လ်ဆီး | ၂ | - | ၁ | ဝီဂန် |
| လီဗာပူး | ၁ | - | ၁ | ဗီလာ |
| နော့ဝှစ်ချ် | ၂ | - | ၂ | အဲဗာတန် |
| ဝက်စ်ဘရွန်း | ၃ | - | ၀ | ဘလက်ဘန်း |
| စတုတ်စီးတီး | ၂ | - | ၁ | ဝုလ်ဗာဟမ်တန် |

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဆိုင်ကယ်စီးပြီး အမျိုးသမီးများထံမှ လုယက်ခဲ့သူ မန္တလေးအမှတ်(၅)ရဲစခန်းမှ ဖမ်းဆီးအရေးယူ

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၅)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် အောင်ဇော်မိုးနှင့်အဖွဲ့သည် ၁၁ လမ်းနှင့် ၁၂ လမ်းကြား၊ ၈၉ လမ်း၊ အကွက်(၁၂)ဖိုးပေကုန်းရပ်၌ အိမ်ငှားနေသူ ဇော်နိုင်ကြီး(ခ) နိုင်ကြီးအား ဖေဖော်ဝါရီ ၃ ရက်က ၂၆ လမ်း (၈၆/၈၇ လမ်းကြား) ချမ်းအေးသာစံမြို့နယ် ဆိုင်းတန်းရိုးမဘဏ်ရှေ့တွင် ၎င်းလုယက်ခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးမိခဲ့သည်။

ဇော်နိုင်ကြီး (ခ)နိုင်ကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ပိုက်ဆံအိတ်မျိုးစုံ ခုနစ်လုံး၊ ဟန်းဆက်မျိုးစုံ ကိုးလုံး၊ ဆိုင်ကယ်နှစ်စီး၊ ယာဉ်မောင်းလိုင်စင် လေးခု၊ ငွေကျပ် ၁၇၆၀၀၀ သိမ်းဆည်းရမိပြီး ဇော်နိုင်ကြီး(ခ)နိုင်ကြီး၏ အစစ်ခံချက်အရ လုယက်မှု ၁၇ မှုကို ဖော်ထုတ်နိုင်ခဲ့သည်။

ဇော်နိုင်ကြီး (ခ) နိုင်ကြီးသည် လုယက်မှုဖြင့် အမှတ်(၉)ရဲစခန်း၊ အမှတ်(၈) ရဲစခန်း၊ အမှတ်(၅)ရဲစခန်းများမှ ပြစ်မှုများဖြင့် ထောင် (၁၃)နှစ်ကျခံပြီး နောင်ချိုမြို့နယ်ကုန်းစံရဲဘက်စခန်း၌ အကျဉ်းကျစဉ် ၁၇-၁၀-၂၀၁၁ ရက်နေ့တွင် ရဲဘက်စခန်းမှ ထွက်ပြေးလာပြီးနောက် မန္တလေးမြို့ပေါ်တွင် ဆိုင်ကယ်တစ်စီးဖြင့် လှည့်လည်ကာ အမျိုးသမီးများထံမှ လုယက်



ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အမှတ်(၅)ရဲစခန်းမှ ပြစ်မှုပုဒ်မ ဥပဒေကြောင်းအရ အမှုဖွင့်အရေးယူစစ်ဆေးနေကြောင်း သိရသည်။**(အပေါ်ပုံ)** (၃၈၇)

## ယနေ့သတင်းအညွှန်း


ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ နိုင်ငံတကာ ပေါက်ဈေး၊ ငွေလဲလှယ်နှုန်း၊ ရောင်းလိုအား၊ ဝယ်လိုအားတို့အပေါ်မူတည်ပြီး ဈေးနှုန်းတက်ရန် အလားအလာရှိနေ

ပြည်တွင်းသတင်း စာမျက်နှာ ၂

မကြာမီလများတွင် အများပြည်သူအားလုံး၊ စက်မှုဇုန်များနှင့် လုပ်ငန်းအားလုံးကို ၂၄ နာရီ ပတ်လုံး ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်မည်

ပြည်တွင်းသတင်း စာမျက်နှာ ၉

အမရပူရ၌ ကြက်မမှ ငုံးဥအရွယ်ကြက်ဥ ထူးဆန်းစွာ ဥ

ပြည်တွင်းသတင်း စာမျက်နှာ ၈

လားရှိုးမြို့၌ အိမ်ထောင်သက် တစ်လနှင့် သုံးရက်သာရှိသေးသည့် ဇနီးမောင်နှံ အိမ်သုံး မီးအားမြှင့်စက် မီးလောင်မှုကြောင့် သေဆုံး

ပြည်တွင်းသတင်း စာမျက်နှာ ၃

ဆိုင်ကယ်စီး၍ အမျိုးသမီးများထံမှ လုယက်သူအား မန္တလေး အမှတ်(၅) ရဲစခန်းမှ အမှုဖွင့် အရေးယူ

ပြည်တွင်းသတင်း စာမျက်နှာ ၁၀


## နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၁ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)




# ရန်ကုန်မြို့ မဟာသင်္ကြန်ရေသဘင်ပွဲတော် ရေကစားမဏ္ဍပ် ၄၅ ခု တည်ဆောက်နေ

ရန်ကုန် ဧပြီ ၇

**မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးအား ရိုးရာယဉ်ကျေးမှုနှင့်အညီ မြို့တော်နေပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ ရေကစားမဏ္ဍပ် စသည်ဖြင့် ရေကစားမဏ္ဍပ် ၄၅ ခုကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုခဲ့သဖြင့် ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင် မဏ္ဍပ်များကို ခမ်းနားထည်ဝါစွာ အပြိုင်အဆိုင်ဆောက်လုပ်လျက်ရှိကြသည်။** (အပေါ်ပုံ)

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်လမ်းများဖြစ်သော ပြည်လမ်းမကြီးတွင် မဏ္ဍပ် ငါးခု၊ ကမ္ဘာအေးစေတီလမ်းပေါ်တွင် မဏ္ဍပ် ၁၄ ခု၊ အလုံမြို့နယ် လမ်းမပေါ်တွင် မဏ္ဍပ် သုံးခု၊ ပါရမီလမ်းမပေါ်တွင် မဏ္ဍပ် နှစ်ခု၊ မင်္ဂလာတောင်ညွန့်မြို့နယ်(ကန်တော်ကြီးကန်ပတ်လမ်းတွင်) မဏ္ဍပ် ၂၁ ခု စုစုပေါင်း မဏ္ဍပ် ၄၅ ခုကို သတ်မှတ်စည်းကမ်းချက်နှင့်အညီ သက်ဆိုင်ရာမှ ခွင့်ပြုခဲ့သည်။ ပြည်လမ်းမကြီးတွင် မဏ္ဍပ်ငါးခုရှိရာ ကမ္ဘောဇဘဏ်ရှေ့၊ IBC ရှေ့၊ သူနာပြုတက္ကသိုလ်၊ ပြည်လမ်းခြံအမှတ် (၃)နှင့် (၅)တို့တွင် တည်ဆောက်မည်ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖

## Men in Black III ဇာတ်ကားအရောင်းမြှင့်တင်ရေး ဝီလ်စမစ် ကိုရီးယားသို့ သွားမည်

ဟောလိဝုဒ်ထိပ်တန်းစာရင်းဝင် မင်းသားတစ်ဦးဖြစ်သည့် ဝီလ်စမစ်နှင့် ဂျို့စ်ဘရိုလင်တို့သည် ၎င်းတို့အဓိကခေါင်းဆောင် ပါဝင်လှုပ်ရှားထားသည့် Men in Black III ဇာတ်ကားအရောင်းမြှင့်တင်ရေးပြုလုပ်ရန် မေလအတွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဒေသခံရုပ်ရှင်ဇာတ်ကား အရောင်းမြှင့်တင်ရေးကုမ္ပဏီ All That Cinema က ပြောကြားရာတွင် စမစ်နှင့် ဂျို့စ်ဘရိုလင်တို့သည် ၎င်းတို့ပါဝင်သရုပ်ဆောင်ထားသည့် Men in Black III ဇာတ်ကား အရောင်းမြှင့်တင်ရေးပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်သို့ မေလအတွင်းလာရောက်မည်ဟု ဆိုသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ❒



**ဟောလိဝုဒ်ထိပ်တန်းစာရင်းဝင် မင်းသား ဝီလ်စမစ်။**



**မကွေးမှ မောင်မောင်စိုး၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို Southern ဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်စဉ်။**

## မကွေးနှင့် ရန်ကုန် နိုင်ပွဲဆက်ပြီး ရာသီဝက်ချန်ပီယံဆုနှင့် နီးစပ်သွားသည့်ရတနာပုံ

ရန်ကုန် ဧပြီ ၇

**MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်းနှင့်မန္တလေးမြို့ရှိ ဗထူးကွင်းတို့တွင် ဆက်လက်ကျင်းပသည်။**

(သုဝဏ္ဏကွင်း)
မကွေး-တစ်ဂိုး
(မောင်မောင်စိုး)
Southern - ဂိုးမရှိ

မောင်မောင်စိုး၏ ပွဲပြီးခါနီးတွင် သွင်းယူခဲ့သောဂိုးကြောင့် မကွေးတို့လေးပွဲဆက်နိုင်ပွဲရရှိခဲ့သည်။ မကွေးအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳



*ပတ်ဝန်းကျင် ထိန်းသိမ်းရေး အင်တာနက်သတင်း ➢ ဘာသာပြန် - သတင်းလုလင်*

## ဝါးဖြင့်တည်ဆောက်သော စက်ဘီးများ အိန္ဒိယနိုင်ငံ မဏိပူရ၌ အသုံးပြုပြီ

**အင်ဖာ ဧပြီ ၇**

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိစိတ်ဓာတ်နိုးကြားလာစေရန်ရည်ရွယ်လျက် ဝါးဖြင့်တည်ဆောက်ထားသော စက်ဘီးများကို စတင်အသုံးပြုပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

လူနေမှုဘဝအတွက် အရေးပါသော စက်ဘီးများဟု အမည်ပေးထားသော အလုပ်ရုံဆွေးနွေးပွဲကို ပြည်နယ်မြို့တော်အင်ဖာ၌ လေးရက်ကြာကျင်းပချိန်အတွင်း ဝါးဖြင့်တည်ဆောက်သည့် စက်ဘီးများကို စတင်အသုံးပြုခြင်းဖြစ်သည်။

**ဝါးဖြင့် တည်ဆောက်သော စက်ဘီးကို တွေ့ရစဉ်။**
*(ဓာတ်ပုံ- အင်တာနက်)*

မဏိပူရစက်ဘီးကလပ်အသင်း၊ မဏိပူရ ဝါးလုပ်ငန်းအသင်းနှင့် တောင်အာရှဒေသဝါးဖောင်ဒေးရှင်းတို့ ပူးတွဲလျက် အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ တောင်အာရှဒေသ ဝါးဖောင်ဒေးရှင်း ထူထောင်သူ ကာမက်ရှ်ဆာလမ်သည် အာဖရိကတိုက်ရှိ ဂါနာနိုင်ငံသို့ ခရီးထွက်ခွာခဲ့ပြီးနောက် မဏိပူရပြည်နယ်ရှိလမ်းများပေါ်တွင် ဝါးဖြင့် တည်ဆောက်သော စက်ဘီးများ အသုံးပြုလာရန် စိတ်ကူးရရှိခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❍